# ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ တနင်္လာနေ့၊ (6-10-2014) (၇၉၇၅)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

## ထိုင်းဝန်ကြီးချုပ်နှင့်ဇနီး ချစ်ကြည်ရေးခရီးလာရောက်မည်

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)နှင့်ဇနီး တွဲဖက်ပါမောက္ခ နာရာပွန် ချန်အိုချာတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင် ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရေးကဏ္ဍအဆင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် တည်မှီနေ

**နေပြည်တော် အောက်တိုဘာ ၅**

မျိုးဆက်သစ် လူငယ်များကို အသိအတတ်ပညာရှင်များဖြစ်စေရန် ပြုစုပျိုးထောင်ပေးကြသည့် ဆရာ ဆရာမများ၏ ကြိုးပမ်းဆောင်ရွက်မှုကို လည်းကောင်း၊ လူ့အဖွဲ့အစည်းတွင် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် မရှိမဖြစ်အရေးပါမှုကို အသိအမှတ်ပြုသည့်အနေဖြင့် လည်းကောင်း၊ ပညာရေးလုပ်ငန်းများကို အဓိက အကောင်အထည်ဖော်ဆောင်ပေးနေသည့် ဆရာ ဆရာမများ၏ ကြီးမားသည့် တာဝန်နှင့် မွန်မြတ်သည့် ဂုဏ်အင်တို့ကို လည်းကောင်း အလေးထား ဂုဏ်ဖော်သည့်အနေဖြင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ပြီး ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်များနှင့် လူမှုရေးထူးချွန်ဆုရ ဆရာများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ UNESCO မှ တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများ၊ ဆုရရှိသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ပန်းဆိုးတန်း - ဒလ ကူးတို့ပြေးဆွဲမည့်သင်္ဘောများ ဂျပန်နိုင်ငံမှ ရောက်ရှိတော့မည်

**ရန်ကုန် အောက်တိုဘာ ၅**

ဂျပန်နိုင်ငံ JICA ကလှူဒါန်းသည့် ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ် ချယ်ရီ(၁)၊ (၂)၊ (၃) သင်္ဘောများကို ဂျပန်နိုင်ငံတွင် တည်ဆောက်ပြီးစီးပြီဖြစ်၍ မြန်မာနိုင်ငံ ရန်ကုန်ဆိပ်ကမ်းသို့ မကြာမီ ရောက်ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပေးပို့လှူဒါန်းခြင်းနှင့် ပတ်သက်၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရေကြောင်းဌာနမှူးချုပ် ဦးဝင်းသိန်းက "ချယ်ရီ (၁)၊ (၂)၊ (၃) သင်္ဘောတွေကို ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ နာကာတာနီ သင်္ဘောကျင်းမှာ တစ်နှစ်ကြာ တည်ဆောက်ခဲ့တာ အခုသုံးစင်းလုံး ပြီးသွားပါပြီ၊ ဒီသင်္ဘောတွေကို ပင်လယ်ပြင်ဖြတ်မောင်းဖို့အတွက် အရင်ကစီစဉ်ခဲ့ပေမယ့် ရေကြောင်းအန္တရာယ်ကင်းရှင်းရေးအတွက် ဂျပန်နိုင်ငံက ဒီသင်္ဘောသုံးစင်းကို ပင်လယ်ကူးသင်္ဘောကြီးပေါ်မှာတင်ပြီး မြန်မာနိုင်ငံကိုထွက်ခွာဖို့အတွက် စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒီနှစ် အောက်တိုဘာ ၁၀ ရက်မှာ သင်္ဘောပေါ်တင်ပြီး မြန်မာနိုင်ငံကို အောက်တိုဘာ ၂၀ ရက်၊ ၂၁ ရက်မှာ ရောက်မယ်လို့ခန့်မှန်းထားပါတယ်။ သင်္ဘောသုံးစင်းရဲ့တန်ဖိုးက အမေရိကန်ဒေါ်လာ ၁၂ သန်း၊ ပို့ဆောင်ခက ဒေါ်လာ တစ်သန်းကျော်ဆိုတော့ ဒေါ်လာ ၁၃ သန်းကျော်လောက် ကုန်ကျမယ်လို့ထင်ပါတယ်။ ဒလဘက်ကမ်းက ခရီးသည်နားနေဆောင်နဲ့ ခရီးသည်အတက်အဆင်း တံတားဆောက်ပြီးရင် ဖွင့်ပွဲလုပ်ဖို့စီစဉ်ထားပါတယ်"ဟု ၎င်းက ပြောကြားသည်။

အဆိုပါသင်္ဘောများ တည်ဆောက်ရန်အတွက် JICA မှတာဝန်ရှိသူများက ပန်းဆိုးတန်း-ဒလ သင်္ဘောစီးခရီးသည်ဦးရေကို နေ့စဉ်သေချာစွာ စောင့်ကြည့်တွက်ချက်ပြီး လက်ရှိပြေးဆွဲနေသော ပြည်တွင်း သင်္ဘောများနှင့် ပုံသဏ္ဌာန်တူ တည်ဆောက်ထားခြင်းဖြစ်သည်။ သင်္ဘောများသည် ကြံ့ခိုင်မှု စွမ်းရည်မြင့်မားသဖြင့် ပင်လယ်ပြင်ကိုပင် ဖြတ်သန်းနိုင်သော သင်္ဘောများဖြစ်သည်။ သင်္ဘောများတွင် အထက်အောက် အတက်အဆင်း လှေကားနှစ်ခုပါရှိသဖြင့် အချိန်ကုန်သက်သာပြီး ဘေးအန္တရာယ်ကင်းဝေးစေသည်။ ကူးတို့သင်္ဘောတစ်ခေါက်လျှင် နိုင်ငံသားတစ်ဦး ကျပ်တစ်ရာနှုန်းနှင့် နိုင်ငံခြားသားဖြစ်လျှင် အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာကျမည် ဖြစ်ကြောင်း သိရသည်။

**(အောင်မင်း-ဒလ)**

## အိန္ဒိယ - မြန်မာချစ်ကြည်ရေး ကျိုကုန်း - ကလေးလမ်း

**ကလေး အောက်တိုဘာ ၅**

အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမဖြစ်သော ကျိုကုန်း-ကလေးလမ်းပိုင်း မိုင်တိုင်အမှတ် (၃/၀) မှ (၅/၁) အထိ ၂ မိုင် ၁ ဖာလုံအား ကတ္တရာထပ်ပိုးလွှာတင်ခြင်းနှင့် ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ်သန်းပေါင်း ၁၀၀ အကုန်အကျခံကာ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းဆောင်ရွက်မှု အမြန်ဆုံးပြီးစီးရေး ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

အိန္ဒိယ- မြန်မာ ချစ်ကြည်ရေးလမ်းမ၏ ကျိုကုန်း-ကလေးလမ်းပိုင်းသည် ကလေး-တမူးလမ်း၊ ကလေး- ယာကြီးလမ်း၊ ကလေး- မဟာမြိုင်လမ်းနှင့် ကလေး- မော်လိုက်လမ်းများကို အထောက်အကူပြုသည့် လမ်းပိုင်းဖြစ်သည့်အတွက်ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးနှင့် ကုန်းလမ်းခရီးသွား ဝန်ဆောင်မှုများတွင် များစွာအရေးပါသော လမ်းပိုင်းဖြစ်ကြောင်း သိရသည်။

**(ဂျိုးနက်)**




ကြေးမုံစာတည်းရှုထောင့် ၆-၁၀-၂၀၁၄ [တနင်္လာနေ့]

# မုတ်သုံဆုတ်ခွာပြီ

အသွားရှိလျှင် အပြန်ရှိစမြဲ ဖြစ်သည်။ ပွဲသွားကြော့ကြော့၊ ပွဲပြန်မော့မော့ ဖြစ်ဖို့အရေးကြီးသည်။ လာခြင်းကောင်းသလို အပြန်တွင်လည်း ပေါ့ပေါ့ပါးပါးနှင့် အသော့ကလေးနှင့် ဖြစ်သင့်သည်။ ယခုမုတ်သုံနှုတ်ဆက်ဆုတ်ခွာပြီ။

လာတုန်းကပုံမှန်လမ်းကြောင်း မိုးရေစက်လေးများကိုသယ်ဆောင်ကာ ငြိမ်းချမ်းမှုအသွင်ကိုဆောင်လျက် ဝင်လာခဲ့သောမုတ်သုံ။ မိမိတို့နိုင်ငံ၏ အရှေ့၊ အလယ်၊ အနောက်ရိုးမများနှင့် ပွေ့ဖက်နှုတ်ဆက်၊ မိုးမျက်ရည်စက်တွေကိုခွေ အလွမ်းသယ်ခဲ့ကြသည်။ အနောက်ရိုးမကိုကျော်ဖြတ်ကာ အရှေ့ဘက်ရှမ်းကုန်းပြင်မြင့်ဆီအသွား အလယ်ရိုးမကိုဖြတ်သန်းကာ မြောက်ဘက်ကချင်တောင်တန်းများဆီအသွားမှာ ခေါင်းလေးမော့လျက်။ အလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသကို ခပ်ကြမ်းကြမ်း၊ ခပ်စိမ်းစိမ်းဖြင့် ဖြတ်ကျော်သွားသည်။

မိုးနည်းဒေသနေပြည်သူများ လွန်ဆွဲပွဲများဖြင့် မိုးကိုဖိတ်ခေါ်၊ တောင်ဆိုမှာညိုခဲ့ပါလျက် မိုးရေစက်ကိုခွေချမသွားခဲ့။ ကချင်တောင်တန်းနှင့် ရှမ်းကုန်းပြင်မြင့်ဆီသို့ အရောက်သယ်သွားသည်။

သို့သော် ဧရာဝတီ၊ ချင်းတွင်းနှင့် မြစ်ချောင်းပေါင်းများစွာက အလယ်ပိုင်းဒေသကို မြစ်ကမ်းနှစ်ဖက်လျှံထွက်သွားအောင်ထိ ရေများကိုအလျှံပယ်ပေးတတ်သည်။ မြစ်ကမ်းနှစ်ဖက်ရှိ မိုးရေလှောင်ကန်များကို မြစ်ရေများက ဖြည့်တင်းပေးသွားတတ်သည်။ မြောက်ဘက်မှာရွှာချသမျှ အရှေ့ဘက်ကုန်းမြင့်ဒေသမှာ ရွာချသမျှ၊ မိုးရေများကို ချောင်းငယ်၊ မြစ်ငယ်များက စုစည်းကာ အမိဧရာဝတီသို့ ပို့ပေးသည်။ ဤသို့ဖြင့် အမိဧရာဝတီ ရေပြည့်လျှံတက် ကမ်းနှစ်ဖက်နေပြည်သူများသို့ ရေကြည်မှုဝေရခဲ့သည်။

ယခုမြောက်ပြန်လေအေးနှင့်အတူ မုတ်သုံဆုတ်ခွာပြီ။ မိုးကာလတစ်လျှောက်လုံး တာဝန်ကျေခဲ့သောမုတ်သုံ၊ မိမိတို့နိုင်ငံမှ ပြန်လည်ဆုတ်ခွာချိန် နေရာကွက်၍ ရွာသွန်းဖြိုးခဲ့သည်။ မုတ်သုံကတော့ ပေါ့ပေါ့ပါးပါး ဖျန်းပက်သွားသည်။ တချို့နေရာများ ရေလျှံ၊ တချို့နေရာများ မုတ်သုံလေပြင်းဒဏ်ကြောင့် အိမ်ပြို၊ ကျောင်းအမိုးလန်၊ သစ်ပင်လဲ၊ ကားတွေပေါ်ပိနှင့် ခံလိုက်ကြရသည်။ မုတ်သုံနောက်ဆုံးနှုတ်ဆက်သွားခြင်းမှာ ခပ်ကြမ်းကြမ်းပင်။

မိုးကုန်ပြီဆိုသည်နှင့် သောက်သုံးရေကို မိုးရေနှင့် အသက်ဆက်နေကြသူများအတွက် တစ်အားလျော့ကြရပြီ။ မိုးရေလှောင်ကန်များတွင် ရေပြည့်လျှံကျန်ခဲ့သူများအတွက် ပြဿနာမရှိနိုင်သေးသော်လည်း မိုးခေါင်၍ရေမရလိုက်သောဒေသနေပြည်သူများ အထူးသဖြင့် ပခုက္ကူဘက်မှ ဒေသတချို့တွင် ယခုကတည်းက ရေအတွက် စိုးရိမ်စပြုကြရပြီ။ မုတ်သုံမျက်နှာသာမပေးခဲ့သော ဒေသများဟု ဆိုရမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင်လည်း မိုးရေလှောင်ကန်များကို အားကိုးနေကြရဆဲ။ လှိုင်မြစ်အနောက်ဘက်ကမ်းမှ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကြည့်မြင်တိုင် (တိုးချဲ့) မြို့နယ်များအတွင်းရှိ ဒေသခံများအတွက် လတ်တလောမှာ မိုးရေလုံလောက်စွာရှိနေကြပါ၏။ တိုးပွားလာနေသော လူဦးရေနှင့် မိုးရေလှောင်ကန်များက အချိုးမညီ။ ဤသို့ဖြင့် မြစ်ဝမှ ရေငန်မဝင်ရောက်မီ တန်ဆောင်မုန်းလပြည့်ရေကို နောက်ဆုံးထားပြီး လှိုင်မြစ်ရေကို စက်ဖြင့် မောင်းတင်ကာ သောက်ရေကန်များကို ဖြည့်တင်းနေကြရသည်။ လှိုင်မြစ်ရေနောက်ကျိနေလည်း ပြဿနာမရှိ။ ကန်များရှိ လက်ကျန်မိုးရေနှင့်ရောနှော အနည်ထိုင်သွားလျှင် သောက်သုံး၍ရပြီ။

သို့သော် ယခုလှိုင်မြစ်ရေ နောက်ကျိရုံသက်သက်မဟုတ်တော့ပြီ။ လှိုင်သာယာမှ ရေဆိုးရေညစ်များ၊ အမှုန်အမွှားများ ရောနှောပါဝင်လျက်ရှိနေရာ သောက်သုံးသူအတွက် ရင်လေးစရာအဖြစ်မျိုး ကြုံတွေ့နိုင်သည်။ မနှစ်က ဒလမြို့နယ် ကမာကဆစ်ရေကန်တွင် ငါးများသေဆုံးမှုဖြစ်ခဲ့သည်။ ရေကန်အောက်ခြေအနည်ထိုင်ပြီး အဆိပ်အတောက်များကြောင့်ဟု ပညာရှင်များက အဖြေပေးကြသည်။

နှစ်စဉ်အနောက်ဘက်ကမ်းသို့ မြို့တော်စည်ပင်မှ စက်တပ်သမ္ဗန်လေးများနှင့် ရေပေးဝေနေသည်။ တိုးပွားလာသော လူဦးရေနှင့်ဆိုလျှင် လောက်မည်မထင်။ ယခုနှစ် အနောက်ဘက်ကမ်းရေကန်များသို့ မြစ်ရေမတင်မီ အချိန်မီကာကွယ်ပေးကာ မြို့တော်စည်ပင်မှ သောက်သုံးရေ ပြည့်ပြည့်ဝဝ လုံလုံလောက်လောက် ဖြန့်ဝေလှူပေးနိုင်ပါစေဟု ကြေးမုံက ဆန္ဒပြုဆုတောင်းလိုက်ရပါသည်။ ။

## ဖျာပုံခရိုင်တိုင်းရင်းဆေးဆရာများ လူနာပေါင်း ၁၀၀ ကျော်အား အခမဲ့ကုသပေး

**ဖျာပုံ အောက်တိုဘာ ၅**

ဖျာပုံခရိုင် တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းခွဲ (ဖျာပုံ)တို့ ပူးပေါင်း၍ လူနာများအား အခမဲ့ဆေးဝါးကုသခြင်းကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီ အထိ ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်းရှိ လူနာပေါင်း ၁၀၀ ကျော်အား အခမဲ့ ဆေးကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးကုသရေးအစီအစဉ်တွင် ဖျာပုံခရိုင် တိုင်းရင်းဆေးကုဌာန ခရိုင်တိုင်းရင်းဆေးမှူး ဆရာမ ဒေါ်ရီရီလှနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းခွဲ(ဖျာပုံ)မှ ဆရာဦးကျော်ဇင်နှင့် ဆရာ ဦးငွေးဝင်း တို့က လမုဝ၊ ကနစိုကွင်းကျေးရွာများမှ လာရောက်ပြသသည့် ကိုယ်လက်ကိုက်ခဲ၊ အကြောတက်၊ လေငန်း၊ သွေးအားနည်း၊ လေထိုးလေအောင့်၊ အစာမကြေ၊ ယားနာ စသည့် ရောဂါဝေဒနာရှင်များအား စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

ဖျာပုံခရိုင် တိုင်းရင်းဆေးကုဌာနသည် ဖျာပုံမြို့ သီလရှင်သင် ပညာရေးကျောင်းရှိ ကျောင်းသား ကျောင်းသူများကို တစ်လလျှင် တစ်ကြိမ်နှင့် ဖျာပုံမင်းကျောင်း လစဉ်တရားစခန်းတွင် နှစ်ကြိမ် လူနာများအား အခမဲ့စမ်းသပ်ဆေးကုသပေးလျက်ရှိကြောင်းနှင့် ခရိုင်တိုင်းရင်းဆေးကုသဌာနသို့ ဆက်သွယ်လိုပါက ဖုန်း-၀၄၅- ၄၀၆၇၁ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ကမ္ဘာ့ဆရာများနေ့အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထက(၂)ဗဟန်းမှ ကျောင်းသား ကျောင်းသူများက မြတ်ဆရာ သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။



ဆက်လက်၍ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲဆုရသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးတို့က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်များ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့ဆရာများနေ့ဆိုင်ရာ ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■




## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲနှင့် ဆောင်းပါးဆုရ ဆရာ ဆရာမများအား ဆုချီးမြှင့်

**ရမည်းသင်း အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပညာရေးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်နှင့် သက်ကြီးပူဇော်ပွဲ ဆောင်းပါးဆုရသူများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက်က ရမည်းသင်းမြို့ မိုးကုတ်ဓမ္မာရုံ၌ ကျင်းပသည်။ အစီအစဉ်အရ ဆရာ ဆရာမများက 'မြတ်ဆရာ' သီချင်းဖြင့် သီဆိုဖွင့်လှစ်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်က ကမ္ဘာ့ကုလ သမဂ္ဂအဖွဲ့လက်အောက်ခံအဖွဲ့ခေါင်းဆောင်က ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ထို့ပြင် အသက် (၇၀)ကျော် အငြိမ်းစား ဆရာကြီး ဆရာမကြီး ၁၀၀ အား ပစ္စည်းများနှင့် ငွေများဖြင့် ဂါရဝပြုကန်တော့ကြကြောင်း သိရသည်။

**(၁၁၅)**



**Request for Quotation(RFQ)**

The Lutheran World Federation(LWF) Myanmar is International Non-Government Organization(INGO)and request quotation for Office Vehicle Purchasing for LWF Myanmar Program. Please see below requirements and Interested Person contact to take RFQ Form within 6-Oct-2014 to 16-Oct-2014 at attached Address.

➢ **Requirements**

| | | |
|---|---|---|
| 1.Toyota RAV 4(2003 Model and above) | Nos | 1 |
| 2.Toyota Land Cruiser(Prado TX, 2003 Model and above) | Nos | 1 |
| 3.Toyota Harrier (2003 Model and above) | Nos | 1 |
| 4.KIA Sportage 2014 Model, SUV (Lux Grade) | Nos | 1 |
| 5.Toyota Fielder (2009 Model and above) | Nos | 1 |

➢ **Address**

2/F,Bishop Home,No.44,Pyay Road, Dagon Township,Yangon.

➢ **Contact Person**

Lwin Aung Zaw-01-378078, 01-1221184(Ext:105), 09-5165456
Ye Htut- 01-378078, 01-1221184(Ext:103), 09-49322357



## ပြည်တွင်းရေးရာ

❖ ကျောဖုံးမှ

တွေ့ဆုံပွဲတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ဆိုလျှင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်လာသည်မှာ လေးနှစ်အတွင်းသို့ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အောင်မြင်သည်များရှိသကဲ့သို့ အခက်အခဲ၊ အကျပ်အတည်းများလည်း များစွာရှိကြောင်း၊ ယနေ့ကြုံတွေ့နေရသည့် အခက်အခဲများ၌ ပြည်သူလူထု၏မျှော်လင့်ချက်များ မြင့်မားစွာပါဝင်ကြောင်း။

ယနေ့အစိုးရ၊ လွှတ်တော်နှင့်အခြားအဖွဲ့အစည်းများ အနေဖြင့် တစ်ဖက်က စွမ်းရည်ကို မြှင့်တင်နေသကဲ့သို့ တစ်ဖက်ကလည်း ဖွဲ့စည်းတည်ဆောက်မှုပုံစံကိုလည်း တစ်ပြိုင်တည်းပြန်လည်ဖွဲ့စည်းခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ အသစ်တည်ဆောက်ခြင်း စသည့် ဒီမိုကရေစီနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နေကြောင်း၊ ဖွဲ့စည်းတည်ဆောက်မှုပုံစံများကို ပြန်လည်တည်ဆောက်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း စနစ်နှင့်အံဝင်ခွင်ကျမည့်သူများဖြစ်အောင် အတွေးအခေါ်၊ စွမ်းရည်များကိုပါ ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း၊ စွမ်းရည်တည်ဆောက်ရာတွင် တစ်ပြိုင်တည်း စိတ်ပိုင်းဆိုင်ရာ ခံယူချက်များကိုပါ ပြောင်းလဲနိုင်အောင် လူတိုင်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် တာဝန်ယူထားသူ၊ တာဝန်ခံထားသူများ ပို၍လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အချို့လုပ်ငန်းများတွင် ရှေ့တိုးသည်များရှိသလို တိုးနှုန်းနှေးသွားသည်လည်းရှိကြောင်း၊ သို့သော် ဒီမိုကရေစီစနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရမည့် လမ်းကြောင်းမှာ မှန်နေသည်ဟု ယုံကြည်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရန် မိမိတို့အားလုံး ရှေ့ကိုတိုးပြီးသွားနေကြောင်း၊ သို့သော် လမ်းကြောင်းမှန်နေသော်လည်း ပမာဏအရတစ်ခါတစ်ရံအခက်အခဲများ၊ အကျပ်အတည်းများလည်း မိမိတို့မှာရှိကြောင်း၊ အစိုးရ၏ ယန္တရားစနစ်နှင့် စီမံကိန်းများကိုမည်ကဲ့သို့ ဆောင်ရွက်နေကြောင်း ပြည်သူများအား သိစေလိုသည့် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ တွေ့ဆုံ ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့အစိုးရအဖွဲ့ တာဝန်ယူပြီးနောက် အသွင်ကူးပြောင်းရေးကာလအဖြစ် လိုအပ်သည့်နိုင်ငံ၏ စီးပွားရေးမူဝါဒ (၄)ချက်ကို ချမှတ်ခဲ့ကြောင်း၊ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲရေးမူဘောင်(၁၀)ချက်ကို အခြေခံပြီး ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ အဆိုပါ အခြေခံမူဘောင်(၁၀)ချက်နှင့်အညီ ပထမငါးနှစ်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မူဘောင်အတွင်းမှနေ၍ လုပ်ငန်းစဉ်များကို အစီအစဉ်တကျ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် ပထမငါးနှစ်စီမံကိန်းကို ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ရေးဆွဲနေသည့်ပုံစံမှာ ပြည်သူဗဟိုပြုပုံစံဖြစ်သကဲ့သို့ အခြေခံမူဘောင် (၁၀)ချက်ကို စီးပွားရေးမူဝါဒ(၄)ချက်နှင့် ကိုက်ညီအောင်နှင့် နိုင်ငံကို စက်မှုနိုင်ငံဖြစ်ရေး အဓိကဦးတည်ချက်ထားခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဝင်းရှိန်နှင့် ဒေါက်တာကံဇော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ မီဒီယာများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့် ဘတ်ဂျက်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့် စီမံကိန်းဆိုင်ရာများ ဆက်စပ်ဆောင်ရွက်မှု၊ စီမံကိန်းနှင့်ဘတ်ဂျက် အပြန်အလှန်ဆက်စပ်ဆောင်ရွက်မှု၊ ရငွေများအား ခွဲဝေသုံးစွဲမှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်ဂျက်ရေးဆွဲမှု၊ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးမှု၊ ပွင့်လင်းမြင်သာသော ဘတ်ဂျက်ဖြစ်အောင် ဆောင်ရွက်နေမှု၊ ကြွေးမြီများရှင်းလင်းရေး ဆောင်ရွက်မှု၊ ကြွေးမြီများ ချေးယူရာတွင် အတိုးနှုန်းသက်သာမှု၊ ချေးယူသည့်သက်တမ်း၊ ပြန်ဆပ်ရမည့်ကာလတို့ကို စိစစ်ဆောင်ရွက်မှု၊ ချေးငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်သည့် ထိရောက်သည့် အဓိကလုပ်ငန်းများ၌ သုံးစွဲမှု၊ ဘဏ္ဍာရေးဆိုင်ရာဥပဒေများ ပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ သူရဦးသောင်းလွင်က အခွန်ကောက်ခံခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် မီဒီယာများက သိလိုသည်များနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ်စကားပြောကြားသည်။

**(သတင်းစဉ်)**

## ညောင်ရွှေမြို့၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၅**

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် အုပ်ချုပ်ရေးမှူးဦးကျော်ဇောလှနှင့် မြို့နယ်ပညာရေးမှူး ဒေါ်နီနီတင်တို့က ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ခဲ့သည်။ ထို့နောက် အသက် (၇၀) နှစ်နှင့်အထက် အငြိမ်းစား ဆရာ ဆရာမ ၈၆ ဦးအား ဂါရဝပြု ကန်တော့ခဲ့ကြောင်း သိရသည်။ **(နေမျိုးသူရိန်)**

**သစ်တောနဲ့ သစ်ပင်**
**ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက်**
**ရှေ့တိုက်ကိုစိုး**

# ကမ္ဘောဇဘဏ်လီမိတက်အား အကောင်းဆုံးဘဏ်လုပ်ငန်းဆုများချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၅**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းက ၂၀၁၄ ခုနှစ်အတွက် Best Banking Group in Myanmar 2014 **(ယာပုံ)** နှင့် Best Commercial Bank in Myanmar 2014 ဆုများကို ကမ္ဘောဇဘဏ်လီမိတက်အားလည်းကောင်း၊ ကမ္ဘာ့တိုက်ကြီး ခုနစ်တိုက်အနက် အာရှတိုက်တစ်ခုလုံးအတွက် Banker of the Year in Asia 2014 ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌအားလည်းကောင်း ချီးမြှင့်လိုက်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ပြည်သူလူထုအပေါ် အကောင်းဆုံးဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား နိုင်ငံဒေသအနှံ့အပြားတွင် ဘဏ်ခွဲများစွာဖွင့်လှစ်ပြီး ဆောင်ရွက်ပေးနိုင်ခြင်း၊ ပြည်သူလူထု၏ ယုံကြည်စိတ်ချရဆုံးနှင့် အခိုင်မာဆုံး ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်ခြင်း၊ မြန်မာနိုင်ငံ၏ ငွေကြေးကဏ္ဍတွင် ခေတ်မီဘဏ်လုပ်ငန်း ဝန်ဆောင်မှုများဖြင့် ဈေးကွက်ဝေစုအများဆုံးရရှိသည့် ဦးဆောင်ဘဏ်ဖြစ်ခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခြင်း စသည်တို့ကြောင့် Best Banking Group in Myanmar 2014 ဆုနှင့် ကမ္ဘောဇဘဏ်လီမိတက်ဝန်ထမ်းများ၏ စုပေါင်းညီညွတ်စွာဖြင့် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ ခေတ်မီနည်းပညာများအသုံးပြု၍ ဝန်ဆောင်မှုပေးနိုင်မှု၊ Customer များအပေါ် အထူးအလေးထားမှု၊ အုပ်ချုပ်မှုကောင်းမွန်ခြင်းနှင့် စွဲမြဲခိုင်မာမှု၊ မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းကဏ္ဍတွင် အင်အားစုဖွဲ့မှု အကြီးမားဆုံးဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် ဦးဆောင်ဘဏ်အဖြစ် ရပ်တည်ဆောင်ရွက်နိုင်မှု စသည်တို့ကြောင့် Best Commercial Bank in Myanmar 2014 ဆုတို့ကို ချီးမြှင့်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



မြန်မာနိုင်ငံ၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ စတင်ပြီးသည့်နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် တိုးတက်ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်တွင်းဘဏ်များမှ ကြိုးပမ်းဆောင်ရွက်လာကြကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကမ္ဘောဇဘဏ်သည် အထင်ရှားဆုံးနှင့် အအောင်မြင်ဆုံး ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘောဇဘဏ်လီမိတက်ကို တည်ထောင်သူ ဥက္ကဋ္ဌဦးအောင်ကိုဝင်း၏ စီမံခန့်ခွဲအုပ်ချုပ်မှုစွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဥက္ကဋ္ဌ၏ဦးဆောင်မှုဖြင့် ဘဏ်ခွဲပေါင်း ၂၈၀ ကျော်အထိ လျင်မြန်စွာ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပြီး နိုင်ငံအတွင်း နေရာဒေသအနှံ့အပြား၌ ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘဏ်လုပ်ငန်းအပါအဝင် အာမခံလုပ်ငန်း၊ လေကြောင်းလုပ်ငန်းများ၊ ကျောက်စိမ်းကျောက်မျက်ရှာဖွေတူးဖော်ရေးလုပ်ငန်း စသည့်အဓိကစီးပွားရေးလုပ်ငန်းများတွင်လည်း အောင်မြင်စွာတိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းအောင်မြင်မှုများအပြင် တစ်နိုင်ငံလုံး၌ နှစ်စဉ်နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအမြင့်မားဆုံးပေးဆောင်ပြီး နိုင်ငံတော်နှင့် ပြည်သူအကျိုးပြုလုပ်ငန်းများတွင်လည်း အများဆုံးလှူဒါန်းမှုများကြောင့် နိုင်ငံတော်မှ ထိုက်တန်စွာဂုဏ်ပြုခံရသည့် အအောင်မြင်ဆုံးနှင့် အထင်ရှားဆုံး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့်အတွက် ဤဆုကို ရွေးချယ်ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

Bankers of the Year 2014 ဆုများကို အာရှ၊ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ ဩစတြေးလျ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသ စသည့် ကမ္ဘာ့တိုက်ကြီး ခုနစ်တိုက်မှ သက်ဆိုင်ရာဒေသအလိုက် ၂၀၁၄ ခုနှစ်အတွင်း ဘဏ်လုပ်ငန်းဆိုင်ရာများကို ထူးချွန်ပြောင်မြောက်စွာဖြင့် တိုးတက်အောင်မြင်အောင် အုပ်ချုပ်စီမံခန့်ခွဲခဲ့ကြသည့် နိုင်ငံခုနစ်နိုင်ငံမှ ပုဂ္ဂိုလ်များအား ရွေးချယ်ပေးအပ်ခဲ့သည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ယခုနှစ်အတွင်း မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြား၌ ဘဏ်ခွဲပေါင်း ၄၀၀ အထိ တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အယ်လ်ရှာဘတ်သူပုန်များ သိမ်းပိုက်ထားသည့်မြို့ ဆိုမာလီအစိုးရတပ်များ ပြန်လည်သိမ်းပိုက်

**မိုဂါဒစ်ရှူး အောက်တိုဘာ ၅**

အာဖရိကသမဂ္ဂ(အေယူ)မှ တပ်ဖွဲ့ဝင်များ ကျောထောက်နောက်ခံပြုထားသည့် ဆိုမာလီအစိုးရတပ်ဖွဲ့ဝင်များသည် အယ်လ်ရှာဘတ်သူပုန်များ သိမ်းပိုက်ထားပြီး အဓိကခြေကုပ်စခန်းပြုထားသော ဆိပ်ကမ်းမြို့တစ်မြို့အား ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း အောက်တိုဘာ ၄ ရက်တွင် ထုတ်ပြန်သော ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

မိုဂါဒစ်ရှူးမြို့တော်၏ တောင်ဘက် ကီလိုမီတာ ၂၀၀(၁၂၅မိုင်)ခန့်ကွာဝေးသော အဆိုပါဆိပ်ကမ်းမြို့ ဘာရာမေး၌ မိမိရောက်ရှိနေကြောင်း အဆိုပါဒေသ အုပ်ချုပ်ရေးမှူးက ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါဆိပ်ကမ်းမြို့အား အယ်လ်ရှာဘတ်သူပုန်အဖွဲ့က ခြောက်နှစ်ကြာ သိမ်းယူထားပြီး ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးအား တိုက်ခိုက်ရေးအတွက် အခြေခံစခန်းအဖြစ် အသုံးပြုခဲ့ကြောင်း အာဖရိကသမဂ္ဂက ပြောကြားသည်။

အောက်တိုဘာ ၄ရက်နေ့တွင် အဆိုပါမြို့မှ အယ်လ်ခိုင်ဒါအဖွဲ့နှင့် မဟာမိတ်ဖွဲ့ထားသည့် အစ္စလာမ္မစ်စစ်သွေးကြွတပ်ဖွဲ့ဝင်များ စတင်ဆုတ်ခွာနေကြောင်း ဒေသခံများက ပြောကြားသည်။

ယင်းဒေသတွင် အခြေအနေမှာ တည်ငြိမ်နေကြောင်း၊ ဆိုမာလီအစိုးရတပ်ဖွဲ့များက မြို့ကို မသိမ်းယူမီကပင် စစ်သွေးကြွလက်နက်ကိုင်များ ဆုတ်ခွာသွားကြကြောင်း ယင်းဒေသအုပ်ချုပ်ရေးမှူး အဗ္ဗဒူကာဒီယာမိုဟာမက်နျူမာက ပြောကြားသည်။

အယ်လ်ရှာဘတ် သူပုန်တပ်ဖွဲ့များသည် ယခင်လအတွင်းကပင် ၎င်းတို့ ထိန်းချုပ်ထားသည့် ဆိုမာလီနိုင်ငံအတွင်းမှ မြို့များအား စွန့်လွှတ်သွားခဲ့သည်။ သို့သော် ယင်းနိုင်ငံရှိ အစွန်အဖျားဒေသမှ ကြီးမားကျယ်ပြန့်သော ဧရိယာကိုမူ ၎င်းတို့က ထိန်းချုပ်ထားဆဲဖြစ်သည်။

**ဘီဘီစီ။**



ဆိုမာလီနိုင်ငံ၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

# ထိုင်းဘုရင် ဖျားနာမှုကြောင့် ဆေးရုံသို့ ပြန်လည်တက်ရောက်

**ဘန်ကောက် အောက်တိုဘာ ၅**

သက်တော် ၈၆နှစ်ရှိပြီဖြစ်သည့် ထိုင်းဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်သည် ဖျားနာမှု ကြောင့် အောက်တိုဘာ ၄ ရက်တွင် ဘန်ကောက် ဆေးရုံတစ်ခုသို့ ပြန်လည်တက်ရောက်ကုသခဲ့ရကြောင်း ထိုင်းဘုရင့်နန်း တော်က ထုတ်ပြန်ကြေညာသည်။

ဆေးရုံတွင် ဆေးကုသမှု အနည်းငယ်ခံယူပြီးနောက် ထိုင်းဘုရင်၏ သွေးဖိအားမှာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပြီး အဖျားလည်း ကျသွားခဲ့ကြောင်း၊ သို့သော် ဆေးရုံတွင် အချိန်မည်မျှကြာအောင် ဆေးကုသမှုခံယူရမည်ဆိုသည်ကို မသိရသေးကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုင်းဘုရင်သည် အစာအိမ် ရောင်ရမ်းမှုဝေဒနာကြောင့် ဆေးရုံတွင်တစ်လခန့် ဆေးကုသမှုခံယူရပြီးနောက် လွန်ခဲ့သည့် စက်တင်ဘာ ၁၅ ရက်က ဆေးရုံမှဆင်းလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ထိုင်းဘုရင်သည် ဖျားနာမှုဝေဒနာကြောင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ခုနှစ်ထိ ဆေးရုံတွင် လေးနှစ်နီးပါး ဆေးကုသမှုခံယူခဲ့ရဖူးသည်။

၂၀၁၃ခုနှစ် ဆေးရုံမှဆင်းပြီးသည့် အချိန်မှစ၍ ပြည်သူလူထုရှေ့မှောက်သို့ ထွက်ပေါ်လာခြင်းမရှိဘဲ The klai kangwon Palace တွင်သာ အနေများခဲ့ကြောင်းသိရသည်။ထိုင်းဘုရင် မင်းမြတ် ဘူမိဘောအဒူလျာဒက်သည် ထိုင်းပြည်သူများက လေးစားကြည်ညိုသည့်ဘုရင်တစ်ပါးဖြစ်သည်။ **ရိုက်တာ။**



# အီဘိုလာရောဂါ ကူးစက်မှုကြောင့် ကလေးငယ်ထောင်ပေါင်းများစွာ မိဘမဲ့ဘဝရောက်ရဟု ယူနီဆက်ပြောကြား

**နယူးယောက် အောက်တိုဘာ ၅**

အနောက်အာဖရိကတွင် အီဘိုလာရောဂါကြောင့် ထောင်ပေါင်းများစွာသော ကလေးများ မိဘမဲ့ဘဝသို့ ရောက်ရှိနေရကြောင်း၊ ဆွေမျိုးများကလည်း ရောဂါကူးစက်မည် စိုးရိမ်သဖြင့် ၎င်းတို့အားခေါ်ယူရန် ကြောက်ရွံ့နေကြကြောင်း ကုလသမဂ္ဂ နိုင်ငံတကာကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်)က မကြာသေးမီက ပြောကြားခဲ့သည်။

ယူနီဆက်၏ပြောကြားချက်အရ ဂီနီ၊ လိုက်ဘေးရီးယားနှင့် ဆီရာလီယွန်တို့တွင် ကလေး ၃၇၀၀ ခန့်သည် မိဘနှစ်ပါးအနက်မှ တစ်ဦးဦးသော်လည်းကောင်း၊ နှစ်ဦးလုံးသော်လည်းကောင်း ဆုံးရှုံးခဲ့ကြသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း အီဘိုလာရောဂါ ကူးစက်ပျံ့နှံ့မှုများ တစ်ဟုန်ထိုးမြင့်တက်လာသည့်အတွက် ယခုလအတွင်း မိဘမဲ့ကလေးများ နှစ်ဆတိုးမည်ကို ယူနီဆက်က စိုးရိမ်ပူပန်လျက်ရှိသည်။

ကလေးများသည် စိတ်ပိုင်းဆိုင်ရာအရလည်းကောင်း၊ ကိုယ်ခန္ဓာကျန်းမာရေးအရလည်းကောင်း လိုအပ်ချက်များရှိနေသည်ဖြစ်ရာ ၎င်းတို့ကို ကူညီထောက်ပံ့နိုင်ရန် ယူနီဆက်က ရိုးရာဓလေ့ထုံးစံနည်းလမ်းများနှင့် နည်းလမ်းအသစ်များကို လေ့လာလျက်ရှိကြောင်း ၎င်းအေဂျင်စီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

လိုက်ဘေးရီးယားနိုင်ငံ၌ ရောဂါကူးစက်ခံရသောကလေးများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးလျက်ရှိသော စိတ်ကျန်းမာရေးအလုပ်သမားများအား လေ့ကျင့်သင်တန်းပေးလျက်ရှိကြောင်း ယူနီဆက်က ပြောသည်။

အိမ်နီးချင်း ဂီနီနိုင်ငံတွင်လည်း အီဘိုလာကူးစက်ခံရသော ကလေးများနှင့် မိသားစု ၆၀၀၀၀ ကို စိတ်ပိုင်းဆိုင်ရာကူညီအားပေးမှုများ ပြုလုပ်ရန် အစီအစဉ်များ စတင်လျက်ရှိပြီဖြစ်သည်။

ဖော်ပြပါဒေသများ၌ အီဘိုလာကူးစက်ခံရသည့် မိသားစုများအား အရေးပေါ်အထောက်အပံ့ပေးရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ လိုအပ်သည်ဖြစ်ရာ လိုအပ်ချက်၏ ၂၅ ရာခိုင်နှုန်းမျှသာ ရရှိသေးကြောင်း ယူနီဆက်က ပြောကြားသည်။

**စီအင်န်အင်န်။**

# ပိုလီယိုရောဂါဖြစ်ပွားမှု ပါကစ္စတန်တွင် စံချိန်တင်မြင့်မား

**အစ္စလမ္မာဘတ် အောက်တိုဘာ ၅**

ပါကစ္စတန်နိုင်ငံတွင် ၁၅နှစ်တာကာလအတွင်း ပိုလီယိုရောဂါ ဖြစ်ပွားသည့် အရေအတွက်မှာ အမြင့်ဆုံးသို့ရောက်ရှိ၍ စံချိန်တင်မြင့်မားလျက်ရှိကြောင်း ဘီဘီစီကဖော်ပြသည်။

ကျန်းမာရေးတာဝန်ရှိသူများက ရောဂါကာကွယ်ဆေးထိုးသော အဖွဲ့များကို တိုက်ခိုက်မှု အရှိန်မြင့်လာခြင်းကြောင့် ဖြစ်သည်ဟု အပြစ်တင်ကြသည်။

၂၀၁၄ ခုနှစ် ယခုအချိန်ထိ ရောဂါဖြစ်ပွားမှု အရေအတွက်မှာ ၂၀၂ ဦးဖြစ်ပြီး ၂၀၀၁ ခုနှစ်က ဖြစ်ပွားခဲ့သူ၁၉၉ဦးနှင့် နှိုင်းယှဉ်လျှင် မြင့်တက်လာသော်လည်း ၁၉၉၉ ခုနှစ် ၅၅၈ ဦးနှင့်နှိုင်းယှဉ်လျှင် လျော့နည်းသွားသည်။

ရောဂါကူးစက်မှု အများဆုံးသည် စစ်သွေးကြွများက ကျန်းမာရေးအဖွဲ့များကို ပစ်မှတ်ထား တိုက်ခိုက်သည့် အနောက်မြောက်ပိုင်းမျိုးနွယ်စုတို့ ဒေသတွင် ဖြစ်သည်။

စစ်သွေးကြွများက ဆရာဝန်များသည် သူလျှိုများဖြစ်ကြသည်ဟုစွပ်စွဲပြီး ရောဂါကာကွယ်ဆေးထိုးခြင်းသည် မွတ်စလင်များအား မျိုးတုံးရန် အနောက်နိုင်ငံများ၏ အကြံအစည်မှ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟုပြောသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ကျန်းမာရေး အလုပ်သမားများနှင့် ၎င်းတို့ကို လုံခြုံရေးတာဝန်ယူပေးသော ရဲတပ်ဖွဲ့ဝင်တို့ အပါအဝင် လူပေါင်း ၆၀ ခန့်ကို ပိုလီယိုအဖွဲ့များအား ပစ်မှတ်ထားသည့် စစ်သွေးကြွများက သတ်ဖြတ်ခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းများက ရောဂါကာကွယ်ဆေးထိုးသော အစီအစဉ်များအပေါ် အများအပြား ရင်းနှီးမြှုပ်နှံပေးသော်လည်း ပါကစ္စတန်နိုင်ငံသည် ပိုလီယိုကို ထိန်းချုပ်နိုင်စွမ်းမရှိဟု ဆိုသည်။

ယခုနှစ်စောစောပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပါကစ္စတန် နိုင်ငံသားအားလုံးသည် ပြည်ပသို့ ခရီးထွက်ခွာလျှင် ရောဂါကာကွယ်ဆေးထိုးပြီးကြောင်း သက်သေပြရမည်ဟု တင်းကျပ်ခဲ့သည်။ **ဘီဘီစီ။**

## ဟေတီသမ္မတဟောင်း ဒူဗာလီးယား ကွယ်လွန်

ပို့အော်ပရင့်စ် အောက်တိုဘာ ၅

ဟေတီနိုင်ငံ၏ သမ္မတဟောင်း ယန်းကလော့ဒ်ဒူဗာလီးယားသည် အောက်တိုဘာ ၄ ရက်တွင် ယင်းနိုင်ငံ၏ မြို့တော် ပို့အော်ပရင့်စ်၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ ကွယ်လွန်ချိန်တွင် ၎င်း၏ အသက်မှာ ၆၃ နှစ်ရှိပြီဖြစ်ကြောင်း တရားဝင်သတင်းရင်းမြစ်များ၌ ဖော်ပြသည်။

၁၉၇၁ ခုနှစ်တွင် ၎င်းအသက် ၁၉နှစ်အရွယ်၌ ဖခင်ဖြစ်သူထံမှ တစ်သက်တာ သမ္မတဘွဲ့ဖြင့် အာဏာပြောင်းလွှဲလက်ခံရပြီး နာမည်ဆိုးများဖြင့် ကျော်ကြားခဲ့သူလည်းဖြစ်သည်။

၁၉၈၆ ခုနှစ်တွင် ဟေတီနိုင်ငံ၌ ဖြစ်ပွားခဲ့သော ပုန်ကန်ထကြွမှုများကြောင့် ၎င်း၏ အုပ်ချုပ်မှုသက်တမ်း နိဂုံးချုပ်သွားခဲ့ရပြီး ဟေတီနိုင်ငံအား ဒူဗာလီးယားအုပ်ချုပ်ခဲ့စဉ်ကာလအတွင်း အကျင့်ပျက်ခြစားမှုများ၊ လူ့အခွင့်အရေးဆိုင်ရာ မတော်မတရားပြုမှုများနှင့် ဖိနှိပ်မှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲပြောဆိုခံခဲ့ရသည်။

၎င်းသည် ဟေတီသမ္မတရာထူးကို စွန့်လွှတ်ခဲ့ရပြီးနောက် ပြည်နှင်ဒဏ်ဖြင့် ပြင်သစ်နိုင်ငံတွင်နှစ်အတန်ကြာ နေထိုင်ခဲ့ကာ ၂၀၁၁ ခုနှစ်တွင် ဟေတီသို့ ပြန်လည်ရောက်ရှိလာသည်။

သမ္မတဟောင်း၏ ကိုယ်စားလှယ် ရေနိုလ်ဂျော့ဂျက်စ်က သမ္မတဟောင်း ဒူဗာလီးယားသည် အောက်တိုဘာ ၅ရက်တွင် နေအိမ်၌ ကွယ်လွန်ခဲ့ကြောင်း အတည်ပြုပြောကြားပြီး ယင်းကွယ်လွန်ကြောင်းကို ဟေတီကျန်းမာရေးဝန်ကြီးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဘီဘီစီ။



# ဂျပန်တို့၏ ရှင်ကန်စံ

■ ကိုရင်ညွှ

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ က လေယာဉ်ပျံပုံပန်းသ ဏ္ဍာန်ဦးခေါင်းရှိ ချောမွတ်တောက်ပြောင်နေသော ရထားတစ်စင်းသည် ဂျပန်နိုင်ငံ မြို့တော်တိုကျိုဘူတာကြီးရှိ စင်္ကြံအမှတ် ၁၉ မှနေ၍ နံနက် ၆ နာရီတွင် စတင်ထွက်ခွာခဲ့သည်။

N700A အမျိုးအစား ယင်းရထားမှာ ဂျပန်နိုင်ငံ၏ ပထမဆုံးသော ကျည်ဆန်ရထားဖြစ်ပြီး မြို့တော်တိုကျိုနှင့် နိုင်ငံအနောက်ပိုင်း မဟာမြို့ကြီးဖြစ်သော အိုဆာကာမြို့တို့အကြား ပစိဖိတ်စက်မှုဒေသရပ်ဝန်းတစ်လျှောက် ခရီးသည်များအား ပို့ဆောင်ပေးနိုင်ရန် အမြန်ရထားခရီးစဉ်ကို စတင်ခဲ့သည်။

၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်ခဲ့သော ကျည်ဆန်ရထားခရီးစဉ်သည် ယနေ့ကာလတွင် နှစ် ၅၀ တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် အကောင်းဆုံးသော အမြန်ရထားစနစ်ဖြစ်သည့် ရှင်ကန်စံ ကျည်ဆန်ရထားသည် ဂျပန်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးသမိုင်းတွင် မှတ်တိုင်သစ်စိုက်ထူနိုင်ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် ၁၉ ရာစုနှောင်းပိုင်းမှစ၍ ရထားလုပ်ငန်း စတင်ခေတ်စားလာခဲ့သည်။ ရုပ်ကြွင်းလောင်စာ ထုတ်လုပ်နိုင်ခြင်းမရှိသော ယင်းနိုင်ငံအတွက် ထိရောက်သော သယ်ယူပို့ဆောင်ရေးစနစ်ကို ရထားလုပ်ငန်းက ဖြည့်ဆည်းပေးသည်။ ဂျပန်နိုင်ငံ၏ ပထမဆုံးသော ရထားမှာ တိုကျိုနှင့် ယိုကိုဟားမားမြို့ကြီးနှစ်မြို့အကြား ရေနွေးငွေ့စက်ခေါင်းဖြင့် ခုတ်မောင်းသော ရထားဖြစ်ပြီး ၁၈၇၂ ခုနှစ်တွင် ခရီးစဉ်ပြေးဆွဲမှု စတင်ခဲ့သည်။

ရေနွေးငွေ့စက်ခေါင်းဖြင့် ခုတ်မောင်းသော ရထားပေါ်ထွန်းလာခဲ့ပြီးနောက် နှစ်ပေါင်း ၉၀ ကျော်အကြာတွင် ကမ္ဘာ့အကောင်းဆုံးသော အမြန်ရထားသည် ဂျပန်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကွန်ရက်အတွင်းသို့ ဝင်ရောက်ခဲ့သည်။

ဂျပန်နိုင်ငံသည် ကမ္ဘာ့ရထားနည်းပညာအရ ဦးဆောင်နိုင်ငံတစ်နိုင်ငံအဆင့်အတန်းကို ရရှိလာပြီး ခေတ်မီဆန်းသစ်သော ကျည်ဆန်ရထား မိုဒယ်သစ်များကို တစ်ခုပြီးတစ်ခု တွေ့မြင်လာရသည်။

မြန်နှုန်းမြင့်မားခြင်း၊ လုံခြုံမှုရှိခြင်း၊ စီနင်းသူများ သက်သောင့်သက်သာရှိခြင်း စသည့် ဂုဏ်ဒြပ်အပေါင်းနှင့် ပြည့်စုံသော ကျည်ဆန်ရထားကို နည်းပညာအရ တီထွင်ဆန်းသစ်မှုများ ပြုလုပ်နေဆဲဖြစ်သည်။ အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခါချိန်မျိုးမှာပင် ဘေးဥပဒ်မရှိအောင် စွမ်းဆောင်ရည်မြင့် ဘရိတ်စနစ်ပါဝင်သော ကျည်ဆန်ရထားကို ခရီးသည်များ နှစ်ခြိုက်စွာ စီးနင်းနေကြဆဲဖြစ်သည်။

ခေတ်သစ်စီးပွားရေး စွမ်းအားရှင် နိုင်ငံ၏ ပုံရိပ်ကို ထင်ဟပ်နေသော ရှင်ကန်စံ ကျည်ဆန်ရထားသည် သယ်ယူပို့ဆောင်ရေးစနစ်ကို တစ်ခေတ်ပြောင်းစေခဲ့သည်။

ဒုတိယကမ္ဘာစစ်တွင် စစ်ရှုံးနိုင်ငံဖြစ်ခဲ့ရပြီး ခါးသည်းသော စစ်၏အနိဋ္ဌာရုံများကို ခါးစည်းခံခဲ့ရသော ဂျပန်နိုင်ငံသည် ပြာပုံဘဝမှ ရုန်းထကာ နိုင်ငံ၏ ဘဝသစ်ကို ပြန်လည်ထူထောင်ရင်း စီးပွားရေးတည်ဆောက်မှုကို အလေးပေးခဲ့သည်။

ဤသို့ဖြင့် ဂျပန်နိုင်ငံသည် စစ်ကြီးအပြီး ဆယ်စုနှစ်နှစ်စု မပြည့်မီကာလမှာပင် ရှင်ကန်စံ ကျည်ဆန်ရထားကို တည်ဆောက်လာနိုင်သည်။

"ရှင်ကန်စံ ကျည်ဆန်ရထားဟာ ကမ္ဘာပေါ်မှာ အမြန်ဆုံးရထားအဖြစ် ရပ်တည်နိုင်ခဲ့တယ်။ ပြည်သူတွေရဲ့ အနာဂတ်ဘဝ မျှော်လင့်ချက်ကို တိုးပွားစေနိုင်တဲ့ သယ်ယူပို့ဆောင်ရေးစနစ်သစ်ကို ကျွန်တော်တို့ တည်ဆောက်နိုင်ခဲ့ပါတယ်"ဟု အသက် ၇၃ နှစ်အရွယ်ရှိ အဖိုးအို အာရာကီက ပြန်ပြောင်းပြောပြသည်။ အာရာကီသည် ရထားအင်ဂျင်နီယာဘဝမှ အငြိမ်းစားယူခဲ့သူဖြစ်ပြီး ယခုအခါ တိုကျိုမြို့ မြောက်ဘက် အိုမီယာမြို့ရှိ ရထားပြတိုက်၏ ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ အဆိုပါပြတိုက်တွင် ဂျပန်နိုင်ငံ၏ ပထမဆုံးသော ကျည်ဆန်ရထား၏ စက်ခေါင်းကို ခင်းကျင်းပြသထားသည်။

"ဂျပန်နိုင်ငံရဲ့ ပထမဆုံးသော ကျည်ဆန်ရထားကို အိုကာရီလို့ အမည်ပေးခဲ့တယ်။ အဓိပ္ပာယ်ကတော့ အိပ်မက်များရဲ့ မဟာအမြန်ရထားကြီးဖြစ်တယ်" ဟု အဖိုးအိုအာရာကီက အတိတ်အကြောင်းကို ပြန်လည်၍ လွမ်းချင်းချသည်။

ဂျပန်နိုင်ငံ၌ ကျည်ဆန်ရထားကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် စတင်ပြေးဆွဲခဲ့သည်။ တိုကျို အိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားမစတင်မီ ရက်သတ္တတစ်ပတ်အလိုကာလမှ စတင်ကာ ကျည်ဆန်ရထားကြီး ဂျုံးဂျုံးဂျက်ဂျက် မြည်သံဟည်းခဲ့သည်။

ထိုခေတ်အခါက အခြေအနေနှင့် ချိန်ဆချင့်တွေးပါက တိုကျို အိုလံပစ် အားကစားပွဲတော် ကျင်းပချိန်နှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ကျည်ဆန်ရထားကြီး ပေါ်ထွန်းလာခြင်းသည် ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်အတန်း၏ ပြယုဂ်တစ်ခုဖြစ်ပြီး ကမ္ဘာ့အလယ်ဝင့်ထည်သည့် သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခြင်းလည်း ဖြစ်သည်။


ရှင်ကန်စံ ကျည်ဆန်ရထားသည် ဂျပန်နိုင်ငံ၏ ထိပ်တန်းမြို့ကြီးနှစ်မြို့ဖြစ်သော တိုကျိုနှင့် အိုဆာကာတို့ကို ကူးလူးသွားလာရာတွင် အထက်တန်းကျကျ မျက်နှာပန်းလှလှဖြင့် ခရီးနှင်နိုင်စေသည်။ တစ်နာရီလျှင် ကီလိုမီတာ ၂၁၀ (မိုင် ၁၃၀) နှုန်းအထိ ခုတ်မောင်းနိုင်သည်။ ခရီးလမ်းတစ်လျှောက်တွင် ဥမင် ၆၆ ခုနှင့် တံတား ၉၆ စင်းကို ဖြတ်ကျော်ရသည်။ ခရီးတာ ၅၁၅ ကီလိုမီတာ (မိုင် ၃၂၀) အကွာအဝေးကို နှစ်နာရီခွဲမျှသာ ကြာမြင့်သည့် အချိန်အတွင်း ခုတ်မောင်းနိုင်သည်။ ရထားခုတ်မောင်းချိန်ကို လျှော့ချကာ ရေကြောမြေကြော ရှုံ့ချနိုင်ခြင်းကြောင့် ကုန်သည်ကြီးများအဖို့ တိုကျိုနှင့် အိုဆာကာမြို့နှစ်မြို့အကြား နေ့ချင်းပြန်ခရီးသွားနိုင်သည်အထိ အကျိုးကျေးဇူးရရှိစေသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။

သွားလမ်းသာ၍ လာလမ်းဖြောင့်ဖြူးစေသော ကျည်ဆန်ရထား ခရီးစဉ်များနှင့်အတူ ဂျပန်နိုင်ငံ၏ ရှေးဟောင်းမြို့တော် ကျိုတိုသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုအရောက်အပေါက်များလာသည်။

ရှင်ကန်စံ မဟာအမြန်ရထားကြီးသည် ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းကို ဖော်ကျူးသော ဖူဂျီတောင်ခြေမှ ဖြတ်သန်းသွားချိန်တွင် ခေတ်သစ်မြို့ပြမြင်ကွင်းနှင့် ရှုမညီးဖွယ်ရာ သဘာဝကျေးလက်ရှုခင်းတို့ကို ရုပ်ရှင်ပိတ်ကားထက်တွင် ကြည့်ရှုရဘိအလား ငေးမောခံစားနိုင်သည်။

"ရှင်ကန်ဆံ ကျည်ဆန်ရထား ပေါ်ထွန်းလာခြင်းက ဂျပန်နိုင်ငံရဲ့ စီးပွားရေး ယှဉ်ပြိုင်မှုစွမ်းကားကို မြှင့်တင်ပေးနိုင်တယ်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်မှုနဲ့အတူ မြို့တော်တိုကျိုမှာ အခြေစိုက်နေထိုင်သူ လူဦးရေ တိုးပွားလာခဲ့ပြီး စက်မှုလုပ်ငန်းတွေ စုဝေးရာ မဟာမြို့ကြီးအဖြစ် တိုကျိုမြို့ဟာ ကျယ်ပြန့်ကြီးမားလာခဲ့ပါတယ်" ဟု စီးပွားရေးဆန်းစစ်သူ အိုဆူကီအိတဇာကီက သုံးသပ်ပြောကြားသည်။

ဂျပန်နိုင်ငံသည် ကမ္ဘာက အံ့အားသင့်ဖွယ်ရာ လမ်းပန်းဆက်သွယ်ရေး ကွန်ရက်သစ်အဖြစ် ကျည်ဆန်ရထားပြေးဆွဲနိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကို ထူးထူးခြားခြား တိုးတက်စေခြင်းမှာ ကာလရှည်ရရှိ ခံစားနိုင်သည့် ရလဒ်ကောင်းဟု ဆိုနိုင်ပေလိမ့်မည်။ ။




သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

သင့်သွေးဖြင့် အသက်ကယ်ပါ
















**သုံးလောကထွတ်ထား မြတ်ဘုရားရှင်သည် မယ်တော်ဖြစ်ခဲ့ဖူးသည့် သန္တုသိတနတ်သားအား ကျေးဇူးကြီးမားပုံထင်ရှားစေလျက် တာဝတိံသာနတ်ပြည်သို့ကြွမြန်းကာ အဘိဓမ္မာတရားကို ဟောကြားကျေးဇူးဆပ်တော်မူပြီး ဝါလကင်းလွတ်သီတင်းကျွတ်လတွင် နတ်ပြဟ္မာအပေါင်းခြံရံကာ စောင်းတန်းသုံးသွယ်တို့ဖြင့် သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူခဲ့သည်။ ထို့ကြောင့် သီတင်းကျွတ်လသည်ကား ဘုရားရှင်ကိုရည်မှန်း၍ ဆီမီးရောင်စုံတို့ဖြင့် ပူဇော်ကြသည့်လမြတ်ဖြစ်သည်။**

# နည်းသမုဒ္ဒရာ မဟာပဋ္ဌာန်းမြတ်သည်

## ဒေါက်တာမောင်ဖြေ

မြတ်ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၂၁ ရက်အလွန် ၂၂ ရက်မြောက်နေ့တွင် ဗောဓိပင်၏ အနောက်မြောက်ဘက် အတောင်၄၀ ၁၀လံကွာဝေးသောအရပ်၌ နတ်တို့ဖန်ဆင်းအပ်သော ရတနာရွှေအိမ်သို့ ကြွတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးလျှင် နယုန်လဆန်း ၇ ရက်မှ ၁၃ ရက်အထိ အဘိဓမ္မာတရားတော်ကို ဆင်ခြင်တော်မူသည့် ရှေးဦးခြောက်ကျမ်းဖြစ်သော ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ကျမ်းတို့ကို ဆင်ခြင်တော်မူသောအခါ ရောင်ခြည်တော်များထွက်ပေါ်ကွန့်မြူးခြင်း မရှိသေးပေ။

ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါမှသာ ရှင်တော်မြတ်ဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့သည် ထွက်ပေါ်ကွန့်မြူးလာကာ အနန္တစကြဝဠာသို့ ပျံ့နှံ့ထွန်းလင်းလွှမ်းမိုးလာတော့သည်။ မြတ်ဘုရားရှင်၏ ဉာဏ်တော်အနန္တကို ထင်ရှားပေါ်လွင်စေသည့်အခမ်းအနားကြီး ကျင်းပဘိသကဲ့သို့ ဖြစ်တော့သည်။ ဉာဏ်တော်တန်ခိုးတော်တို့သည် တုမဲ့ကင်း၊ ပြိုင်ဘက်ကင်းသည့် အထွတ်အထိပ်သို့ ရောက်ချေပြီဟု မရေမတွက်နိုင်လောက်အောင် များပြားလှသော နတ်ပြဟ္မာအပေါင်းတို့သည် လှိုက်လှိုက်လှဲလှဲ ကြည်ညိုသဒ္ဓါလွန်ကြူးစွာဖြင့် ခြေတော်ဦးခိုက် ပူဇော်ကြလေပြီ။

ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်မှသာ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တဖြစ်ကြောင်း ပေါ်လွင်လာစေသည်။ နတ်ပရိသတ်၊ ပြဟ္မာပရိသတ်တို့ သိလာကြသည်။

မြတ်ဘုရားရှင်သည် ဘုရားဖြစ်သည်နှင့်တစ်ပြိုင်နက် တုဘက်ကင်း၊ ပြိုင်ဘက်ကင်းသည့် ဉာဏ်တော်ရှင် တန်ခိုးတော်ရှင် အထွတ်အထိပ်သို့ ရောက်ခဲ့သည်ကား မှန်၏။ သို့ရာတွင် ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်တော်မူသည့်အခါမှသာ ထိုသတ္တိများပေါ်လွင်လာကြခြင်း ဖြစ်သည်။

မြတ်ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုခြောက်ဝါအလွန် ခုနစ်ဝါအရောက်၊ သက်တော် (၄၂) နှစ် အရွယ် သိကြားမင်းစံရာ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်မှာ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအား ကျေးဇူးထားလျက် စကြဝဠာ တိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့ကို ဝါတွင်း သုံးလတိုင်တိုင် ဟောကြားတော်မူသော တရားတို့သည် (၁) ဓမ္မသင်္ဂဏီကျမ်း၊ (၂)ဝိဘင်းကျမ်း၊ (၃) ဓာတုကထာကျမ်း၊ (၄) ပုဂ္ဂလပညတ်ကျမ်း၊ (၅)ကထာဝတ္ထုကျမ်း၊ (၆) ယမိုက်ကျမ်းနှင့် (၇)ပဋ္ဌာန်းကျမ်းတို့ဖြစ်သည်။

ယင်းသို့ဟောကြားအပ်သော အဘိဓမ္မာတရားတော်များသည် ပိဋကတ်သုံးပုံတွင် ပါဝင်သည်။ ပိဋကတ်သုံးပုံတွင် အဘိဓမ္မာသည် နက်နဲသည်၊ ခက်ခဲသည်။ ထို့ထက် ပဋ္ဌာန်းကျမ်းသည် သာ၍ နက်နဲခက်ခဲသည်။

ပဋ္ဌာန်းဟူသောစကားသည် ပဋ္ဌာနပါဠိမှဆင်းသက်လာသောစကားဖြစ်သည်။ ပဋ္ဌာနသည် ပ+ဌာနဖြစ်သည်။ ပ= အမျိုးမျိုးအပြားပြားအစားစား၊ ဌာန- အကြောင်းပစ္စည်း၊ ပဋ္ဌာနသဒ္ဒါသည် အမျိုးမျိုးအပြားပြားများပြားသော အကြောင်းပစ္စည်းတို့ကို ဟောကြားရာဖြစ်သောကျမ်းကို ပဋ္ဌာန်းကျမ်းဟုခေါ်သည်။

ပဋ္ဌာန်းကျမ်းသည် အနက်ဖွင့်ဆိုနည်း များပြားစွာရှိ၍လည်း အနန္တယပဋ္ဌာန်းကျမ်းဟုလည်းခေါ်သည်။ ပင်လယ်သမုဒ္ဒရာသည် အောက်ခြေ၌ မြေပြင်နှင့် ပိုင်းခြားပြီး အပေါ်မှာ လဟာပြင်နှင့် အနားကွပ်ထားသကဲ့သို့ တစ်ဖက်မှာ စကြဝဠာတောင်တန်းနှင့် နပန်းသတ် ထားပြီး တစ်ဖက်မှာ ဆိပ်ကမ်းနှင့် နှုတ်ခမ်းသတ်ထားခြင်း ဖြစ်သည်။ ပဋ္ဌာန်းကျမ်းသည် ထက်အောက်ဝဲ၊ ယာမှာ ဆုံးခန်းပိုင်းခြားသတ်မှတ်၍မရဘဲ နက်နဲသိမ်မွေ့ကျယ်ဝန်းလှပေသည်။ ပင်လယ်သမုဒ္ဒရာထက် ပဋ္ဌာန်းကျမ်းမြတ်သည် တိုင်းတာနှိုင်းစာ၍မရနိုင်အောင် နက်နဲကျယ်ဝန်းပေသည်။

ထို့အပြင် အပြောကျယ်လှသော ရေပြင်ရှိသော မဟာသမုဒ္ဒရာကြီးကို "ဇလသာဂရ"ခေါ်သည်။ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးကို "ဉာဏသာဂရ"ခေါ်သည်။ အစမထင်သော သံသရာဝဋ်ဒုက္ခကြီးကို "သံသရသာဂရ"ဟု ခေါ်သည်။ မဟာပဋ္ဌာန်းကျမ်းကြီးကို "နယသာဂရ"ခေါ်သည်။ နည်းပေါင်းများစွာ အနက်ရှိခြင်းကြောင့်လည်း နည်းသမုဒ္ဒရာဟုပင် အဋ္ဌကထာဆရာများက ဆိုခဲ့သည်။

ပဋ္ဌာန်းတော်တွင် ပါရှိသည့် " ဟေတုပစ္စယော" ဟိတ် (၆)ပါး၏ ပစ္စယုပ္ပန်တရားအား အမြစ်သဖွယ်ကျေးဇူးပြုတတ်သော တရားဖြစ်သည်။

တစ်နည်းအားဖြင့် ညောင်ပင်အစရှိသည်တို့၏ အမြစ်သည် ထိုသစ်ပင်အား မြဲမြံခိုင်ခံ့စွာတည်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ဟိတ် (၆)ပါးသည် သမ္ပယုတ်တရားတို့အား မြဲမြံခိုင်ခံ့အောင် အမြစ်သဖွယ် ကျေးဇူးပြုတတ်သော တရားဟု ဟောကြားအပ်ပေသည်။ ကျေးဇူးပြုတတ်သည်ဆိုရာ၌ မဖြစ်ပေါ်သေးသည်ကိုဖြစ်ပေါ်စေခြင်း၊ ဖြစ်ပေါ်ပြီးသည်ကိုတည်နေစေခြင်း၊ တည်နေသည်ကို တိုးပွားစေခြင်းသည် မဟာပဋ္ဌာန်းမြတ်၏ အနှစ်သာရများဖြစ်ချေသည်။

"မဂ္ဂပစ္စယော"သံသရာ၏ထွက်မြောက်ကြောင်းနည်းလမ်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊ တစ်နည်းအားဖြင့် ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ကူးသောသူသည် ဤမှာဘက်ကမ်းမှထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့လည်းကောင်း၊ ထိုမှာဘက်ကမ်းမှ ဤဘက်ကမ်းသို့ ကူးသောသူသည် ထိုမှာဘက်ကမ်းမှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့လည်းကောင်း၊ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ဆောင်ပို့ထွက်မြောက်ကြောင်းအပြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားတို့၏ ဆင်ခြင်ဖွယ်ရာသည် မဟာပဋ္ဌာန်းတော်မြတ်များဖြစ်၏။

မြတ်ဘုရားရှင်၏ သာသနာတော်ကွယ်လွန်ခန်း၌ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူသော သာသနာတော် သုံးရပ်တို့တွင် ပရိယတ္တိသာသနာတော်က ရှေးဦးစွာကွယ်မည်။ ပရိယတ္တိသာသနာတွင်လည်း သုတ္တန္တပိဋက၊ အဘိဓမ္မာပိဋက၊ ဝိနည်းတည်းဟူသော ပိဋကတ်သုံးပုံတွင် အဘိဓမ္မာပိဋကတ်သည် ရှေးဦးစွာ ကွယ်မည်။ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူသော အဘိဓမ္မာ(၇)ကျမ်းတွင်လည်း ပဋ္ဌာန်းကျမ်းသည် ရှေးဦးစွာ ကွယ်မည်။ ပဋ္ဌာန်းကျမ်းကွယ်ပြီးနောက် ယမိုက်၊ ကထာဝတ္ထု၊ ပုဂ္ဂလပညတ်၊ ဓာတုကထာ၊ ဝိဘင်း၊ ဓမ္မသင်္ဂဏဟူ၍ ကျမ်းများ အစဉ်အတိုင်းကွယ်မည်။ ထို့နောက်မှ သုတ္တန်ကျမ်းများ အစဉ်အတိုင်းကွယ်မည်။ ထို့နောက်မှ ဝိနည်းငါးကျမ်း အစဉ်အတိုင်းကွယ်မည်။

ယင်းသို့ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ပရိယတ္တိသာသနာကွယ်ပြီးနောက် ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ နှစ်ရပ်တို့ပါကွယ်ပျောက်မည်။ ဦးစွာပထမ ပဋ္ဌာန်းတရားတော်က စတင်ကွယ်ပျောက်မည်ဟု ကျမ်းဂန်များတွင် မိန့်ဆိုထားပါသည်။

ထို့ကြောင့်တည်း သာသနာမကွယ်ပျောက်မီကာလ လူ့ဘဝကြုံတွေ့နေခိုက်တွင် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် ပဋ္ဌာန်းဒေသနာတော်ကြီးကို မိမိတို့စွမ်းအားရှိသလောက် ကြားနာခြင်း၊ ပူဇော်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ ပြုလုပ်ဖို့တာဝန်ရှိပေသည်။

မြတ်ဘုရားရှင်ဟောကြားပြီးသော အဘိဓမ္မာဒေသနာကို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက လူ့ပြည်မှာ တစ်ဆင့်ဟောကြားတော်မူသည်။ ယနေ့အချိန်အထိ သံဃာတော်အရှင်မြတ်များက လက်ဆင့်ကမ်းသယ်ဆောင်လာသော ပဋ္ဌာန်းကျမ်းကြီးသည် မျက်မှောက်ကာလတွင် တည်တံ့နေသည်။

မြတ်ဘုရားရှင်လက်ထက်တော်၌ လူသားတို့တွင် ပထမဆုံးအဘိဓမ္မာတရားကို နာယူတော်မူပြီး ရဟန္တာဖြစ်တော်မူသည့် အရှင်သာရိပုတ္တရာ၏တပည့် ရဟန္တာငါးရာရှိခဲ့သည်။ ထိုရဟန္တာငါးရာတို့သည် တစ်ခုသောဘဝ၌ လိုဏ်ဂူတစ်ခုတွင် လင်းနို့သားငါးရာဖြစ်သည်။ ရဟန်းတော်တို့သည် ထိုလိုဏ်ဂူ၌ အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြစဉ် လင်းနို့များသည် တရားတော်ဟုလည်းမသိ၊ အဓိပ္ပာယ်လည်း နားမလည်ဘဲ ရိုရိုသေသေနာယူခဲ့ကြသည်။

ထိုနာယူခဲ့သည့် ပါရမီကုသိုလ်ဓာတ်ခံကြောင့် အရှင်သာရိပုတ္တရာထံမှာ အဘိဓမ္မာတရားတော်ကို နာကြားရပြီး ရဟန္တာဖြစ်တော်မူခဲ့ကြသည်။ ပဋ္ဌာန်းတော်ကို ရိုရိုသေသေ တစ်ခဏမျှ နာကြားကြသူတို့သည် ထိုလင်းနို့ငယ်တို့ထက်သာလွန်သည့် ပါရမီဓာတ်ခံကုသိုလ်တွေ ရရှိနိုင်ပါသည်။ ထို့ကြောင့် အခွင့်သာခိုက် ပါရမီဓာတ်ခံရရှိအောင် နာယူပါ။

ဤပဋ္ဌာန်းတရားတော်တို့ကို သုံးသပ်နာယူရခြင်းအားခြင့် မျက်မှောက်ချက်ချင်း၊ အခါမလပ်၊ ကောင်းကျိုးများ ရရှိနိုင်သည်ဟု ကျမ်းဂန်များ၌ ညွှန်ပြထားသည်။

ရင်ဆိုင်ကြုံတွေ့နေရသည့် ဘေးအန္တရာယ် အသွယ်သွယ်တို့ကို လွန်မြောက်နိုင်မည်။ ကျရောက်လတ္တံ့သော ဘေးအန္တရာယ်တို့မှ ကင်းလွတ်နိုင်မည်။ အပြစ်ကင်း၍ ကောင်းကျိုးဖြစ်ထွန်းမည်။ ဆောင်ရွက်ချက်ကိစ္စအဝဝတို့ကို အောင်မြင်မည်။ အပြစ်မကင်း ကောင်းကျိုးမဖြစ်စေမည့် ကိစ္စရပ်တို့မှ ရှောင်နိုင် လွှဲနိုင်မည်။ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းစသည့် အကျိုးတရားတို့ကို ရရှိခံစားကြရမည်ဖြစ်ပေသည်။ ။

**သာသနာမကွယ်ပျောက်မီကာလ လူ့ဘဝကြုံတွေ့နေခိုက်တွင် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် ပဋ္ဌာန်းဒေသနာတော်ကြီးကို မိမိတို့စွမ်းအားရှိသလောက် ကြားနာခြင်း၊ ပူဇော်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ ပြုလုပ်ဖို့တာဝန်ရှိပေသည်။**



# ပြည်သူ့အသံ ပြည်သူ့အကြံ

ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီယဉ်ကျေးမှု ပိုမိုထွန်းကားလာစေရန် Stakeholder များအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် စိတ်ကူးစိတ်သန်းများ၊ စီမံကိန်းများကို Top Down စနစ်ဖြင့် ပြည်သူ့ထံ ချပြဆောင်ရွက်နေသကဲ့သို့ Bottom Up စနစ်ဖြင့် အောက်ခြေကတက်လာသော ပြည်သူ့ဘဝနှင့် ထင်ဟပ်သည့် ပြည်သူ့အသံ၊ ပြည်သူ့အကြံပြုချက်များကိုလည်း အလေးအနက် နားစွင့်ဆောင်ရွက်လျက်ရှိပါသည်။

သို့မို့ကြောင့် ပြည်သူကို ဗဟိုပြုသည့် ပစ္စက္ခခေတ်တွင် ပြည်သူ့ဘဝကို ထင်ဟပ်စေမည့် ပြည်သူ့အသံ ပြည်သူ့အကြံများကို အခါအားလျော်စွာ ဖော်ပြတင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

ယခုအပတ် ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ပြည်သူများ အထူးစိတ်ဝင်စားနေကြသည့် ဈေးကွက်စီးပွားရေးစနစ်၏ အသီးအပွင့်တစ်ရပ်ဖြစ်သော မျက်မှောက်ဆက်သွယ်ရေးကဏ္ဍ ပြေးလမ်းထက်က MPT၊ အော်ရီဒူးနှင့် တယ်လီနော့တို့၏ အကြိတ်အနယ်မြင်ကွင်းအဖုံဖုံအပေါ် ပြည်သူတို့၏ ထင်မြင်ယူဆချက် အသံများ၊ ပြည်သူတို့၏ အကြံပြုချက်များကို ဦးစွာတင်ပြလိုက်ရပါသည်။

"မန္တလေးမှာတော့ တယ်လီနော့ဖုန်းအရောင်းဆိုင်တွေမှာ ကြိတ်ကြိတ်တိုးနေကြတယ်။ အရောင်းမြှင့်တင်ရေးအတွက် ဖျော်ဖြေရေးကားကြီးတွေ လှည့်နေကြတာ သက်ြန်ကျနေတာပဲ။ ကျွန်မကတော့ အော်ရီဒူးလက်ရှိသုံးနေတယ်။ အပိုဘောနပ်ထည့်ပေးထားတော့ အဆင်ပြေတယ်။"

**ဒေါ်ဘေဘီ(၈၁ လမ်း၊ ၄၂ လမ်းနှင့် ၄၃ လမ်းကြား၊ မန္တလေး)**

"တယ်လီနော့သုံးနေပါတယ်။ မန္တလေးမှာ အခုအချိန်ထိ တယ်လီနော့အရောင်းဆိုင်တွေမှာ တန်းစီနေကျတုန်းပဲ။တစ်ဆင့်ခံပြန်ရောင်းသူတွေရှိတဲ့အတွက် တချို့က ငွေကျပ် ငါးထောင်ပေးပြီး ဝယ်ကြတယ်။ လိုင်းကောင်းပါတယ်။ အင်တာနက်တော့ အဆင်မပြေသေးဘူး။ MPT ကို မမီသေးဘူး။ ဒါကြောင့် ၁၅ သိန်းခေတ်က GSM နဲ့ တွဲသုံးနေတယ်။ အင်တာနက်က ညလယ်မှ ပိုကောင်းတယ်။ MPT အနေနဲ့လည်း သူများနည်းတူ တစ်မိနစ် ၂၅ ကျပ်နှုန်းဆိုရင် ပိုကောင်းမယ်။"

**မောင်ထူးမြင့်လတ်(၃၉ လမ်းနှင့် ၈၂ လမ်းထောင့်၊ မန္တလေး)**

"လက်ရှိမှာ အော်ရီဒူးက ကိုယ့်သဘောကိုယ်ဆောင်နေတယ်။ တစ်ခါတစ်ရံ ဖုန်းလိုင်းကျတတ်တယ်။ ဒါကြောင့်မို့ MPT ဆင်းကတ်နဲ့ ဟန်းဆက်မှာ တွဲသုံးနေရတယ်။ အော်ရီဒူးရဲ့အောင်မြင်မှုက ကျယ်ကျယ်ပြန့်ပြန့်မတွေ့သေးတဲ့အတွက် ကောင်းသတင်းကိုစောင့်နေတယ်။ အရေးကိစ္စရှိလို့ ဖုန်းလိုင်းမမိရင် ဘယ်လိုလုပ်မလဲ။ ဒါကြောင့် MPT ကတ်ကိုပဲ ဖွင့်ထားရတယ်။ ဘယ်စီးပွားရေးလုပ်ငန်းမဆို သုံးစွဲသူတွေကို ယုံကြည်မှုအရင်တည်ဆောက်ရပါမယ်။ တယ်လီနော့ကိုလည်း ဘယ်လိုလာမလဲဆိုတာ စောင့်ကြည့်နေပါတယ်။ MPT ကတော့ လက်ရှိမှာ အကောင်းဆုံးဝန်ဆောင်မှုရှိနေတယ်။ ဖြစ်နိုင်ရင် တစ်မိနစ် ၂၅ ကျပ်နှုန်းကို မြန်မြန်လုပ်ပေးနိုင်ရင်ကောင်းမယ်။ အော်ရီဒူးတို့၊ တယ်လီနော့တို့တောင် ၂၅ ကျပ်နှုန်းနဲ့ MPT က ပိုလုပ်ပေးသင့်တာပေါ့။"

**ကိုမိုးကျော်(တက္ကစီယာဉ်မောင်း၊ ရန်ကုန်)**

"MPT ၃၁ ဖုန်းတွေ အခု အင်တာနက်တော်တော်ကောင်းနေတယ်။ အရင်တုန်းက သမီးအလုပ်လုပ်နေတဲ့ စင်ကာပူကိုခေါ် ရတာမလွယ်ဘူး။ အခုဆို မနက်စောစောနဲ့ ညနေ ၆ နာရီ၊ ၇ နာရီတွေမှာ တအားကောင်းနေတယ်။ MPT ကိုပဲ သဘောကျတယ်။ ပြီးခဲ့တဲ့ရက်တွေက ငွေဖြည့်ကတ်တစ်သောင်းထည့်ရင် အပိုဘောနပ် သုံးထောင်ထည့်ပေးတယ်။ အခုမလုပ်တော့ဘူး။ မကြာမကြာထည့်ပေးရင် ပိုကောင်းတာပေါ့။"

**ဒေါ်နီလာ (ကျောက်မြောင်း၊ တာမွေမြို့နယ်)**

"MPT က လက်ရှိမှာ လိုင်းကောင်းနေတယ်။ တယ်လီနော့ကိုလည်း စိတ်ဝင်စားပါတယ်။ အကြံပြုချင်တာက MPT ငွေဖြည့်ကတ်ကို အော်ရီဒူးလို တစ်ထောင်၊ သုံးထောင်လုပ်ပေးနိုင်ရင် ပိုကောင်းမယ်။ တချို့ကလေးတွေက သူတို့ရတဲ့ မုန့်ဖိုးနဲ့ ငါးထောင်တန်ငွေဖြည့်ကတ်ကို မထည့်နိုင်ကြဘူး။ နောက်ပြီး တစ်မိနစ်ဖုန်းခေါ်ဆိုခ ၅၀ ကျပ်ကို လျှော့ပေးရင် ပိုကောင်းမယ်။ အပိုဘောနပ်ကိုလည်း မကြာမကြာထည့်ပေးဖို့ အကြံပြုချင်ပါတယ်။"

**ဒေါ်နီနီ(သုဝဏ္ဏဈေး)**

"MPT ၁၅၀၀ ဖုန်းကိုဝယ်ပြီး နှစ်ပတ်ကြာတဲ့အထိ ငွေမဖြည့်မိဘူး။ သတိရလို့ငွေဖြည့်တော့ စက်ပိတ်သွားတယ်။ ဒါကြောင့် MPT အနေနဲ့ ကန့်သတ်ချက်တွေ၊ သတ်မှတ်ချက်တွေမရှိတာ ပိုကောင်းပါတယ်။ လက်ရှိမှာတော့ တယ်လီနော ရန်ကုန်အလာကို စောင့်နေပါတယ်။"

**မခင်သန္တာထွန်း (ဥပဒေကျောင်းသူ)**

"ကျွန်တော်တို့မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေအများကြီးဖြစ်ပေါ်နေပါပြီ။ ပြောင်းလဲမှုရေစီးကြောင်းနဲ့အတူ နိုင်ငံသူ နိုင်ငံသားတွေလည်း အတူတကွ ပူးပေါင်းပါဝင်စီးမျောကြရမှာပါ။ ဒါမှနိုင်ငံသူ နိုင်ငံသားတွေရဲ့ အသိပညာ ဗဟုသုတတွေလည်း ခေတ်အခြေအနေအလိုက် ပြောင်းလဲတိုးတက်လာမှာပါ။ ယခုအချိန် မြန်မာနိုင်ငံမှာ နိုင်ငံခြား ကုမ္ပဏီကြီးတွေ အများအပြား ဝင်ရောက်နေပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုလည်း လုပ်ကိုင်နေကြပါပြီ။ လူသိအများဆုံးနဲ့ ပြည်သူလူထုအမှန်တကယ်အများဆုံး ထိတွေ့လုပ်ကိုင်နေရပြီး ပြည်သူအများ စိတ်ဝင်စားခြင်းအခံရဆုံးဖြစ်တဲ့ MPT၊ အော်ရီဒူးနဲ့ တယ်လီနော ဆက်သွယ်ရေး Operator ကြီးတွေရဲ့ လက်ရှိလုပ်ဆောင်ချက်တွေကို လေ့လာကြည့်ရင် MPT ကတော့ လွန်ခဲ့တဲ့နှစ်များစွာကတည်းက ဆက်သွယ်ရေးလုပ်ငန်းမှာ အခြေကျလုပ်ကိုင်လွှမ်းမိုးခဲ့တဲ့ Operator တစ်ခုပေါ့။ လက်ရှိမှာ MPT ဝန်ဆောင်မှုကောင်းရင် သူလက်မထောင်နိုင်တာပေါ့။ တစ်နိုင်ငံလုံးကို ဖြန့်ထားတာပဲ။ တကယ်တမ်းလိုလာရင် MPT ကိုပဲ အားကိုးရတာပဲလေ။ Services အခြေခံအဆောက်အအုံက ကျန်တဲ့နှစ်ခုထက်သူက အဆပေါင်းများစွာ လက်ရှိမှာသာနေတယ်လေ။ ဈေးနှုန်း၊ Connection, Promotion ကောင်းကောင်းနဲ့ ဈေးကွက်ကို နိုင်အောင်ထိန်းနိုင်ဖို့လိုပါတယ်။ ဒါပေမယ့် လိုချင်တဲ့ကတ်ကို ရောင်းဈေးနဲ့လွယ်လွယ်ကူကူမရတာ အဆိုးဆုံးပါပဲ။"

**ကိုဝင်းမောင်မောင် (Today Ogilvy & Mother Co.,Ltd.)**

# ကမ္ဘာ့ဆရာများနေ့ လွိုင်ကော်၌ ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၅**

၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံး ပညာဗိမာန်ခန်းမ၌ အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီကကျင်းပရာ ကျောင်းသား ကျောင်းသူ တယောအဖွဲ့က 'မြတ်ဆရာသီချင်း' ဖြင့် တီးခတ်သီဆိုဖွင့်လှစ်ပေးသည်။


အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက "ဆရာဆိုတာ လောကကို ပညာဖြင့် အလှဆင်သူ၊ မေတ္တာဖြင့် အေးမြစေသူ၊ အကြင်နာဖြင့် နွေးထွေးစေသူလို့ တင်စားရမှာဖြစ်ပါတယ်၊ ဒီနေ့အချိန်အထိ ကျွန်တော့်ဆရာကြီး၊ ဆရာမကြီးများရဲ့ စေတနာ၊ မေတ္တာ၊ အကြင်နာများကို ခံစားရဆဲပါလို့ ဂါရဝပြု ပြောကြားလိုပါတယ်။ တပည့်များရဲ့ ဘဝတိုးတက်မြင့်မားမှုကို အလေးထားသူ၊ ဆရာစားမချန်ဘဲ ကုန်စင်အောင် သင်ပြပေးသူ၊ တပည့်များရဲ့ တိုးတက်မှုတွေကို မြင်ရရင် ဝမ်းမြောက်ကျေနပ်ပီတိဖြစ်နေသူ၊ ကောင်းမွန်သော ဘဝလမ်းကြောင်းကို ညွှန်ပြပေးသူများအဖြစ် လောကတစ်ခွင်လုံးကို မေတ္တာ၊ စေတနာတို့နဲ့ အလှဆင်ကြသူတွေဖြစ်တဲ့အတွက် မိမိတို့အားလုံးက ဆရာ့ကျေးဇူးကို တုံ့ပြန်ကျေးဇူးဆပ်ချင်တဲ့ စေတနာဆန္ဒကြောင့် ယခုလို ကမ္ဘာ့ဆရာများနေ့မှာ မြတ်ဆရာပူဇော်ပွဲ ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးက ကမ္ဘာ့ဆရာများနေ့အတွက် ပူးပေါင်းသဝဏ်လွှာဖတ်ကြားပြီး စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ဂါရဝလက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ကျောင်းသားကျောင်းသူ တယောအဖွဲ့က 'ယနေ့ဒို့ဆရာများသို့' တေးသီချင်းဖြင့် တီးခတ်သီဆိုခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**




**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**




## ပရိတ်တော် (၁၁)သုတ်နှင့် ဓမ္မစကြာကျင့်စဉ်




ဓမ္မာစရိယ ဦးအောင်ကျော်မိုးရေးသားသော ဘက်ပေါင်းစုံ ကောင်းကျိုးလိုရာဆန္ဒပြည့်ဝစေမည့် ပရိတ်တော်(၁၁)သုတ်နှင့် ဓမ္မစကြာကျင့်စဉ် (ပါဠိ+အသံထွက်+မြန်မာပြန်)စာအုပ် ထွက်ရှိလာသည်။ ၎င်းစာအုပ်တွင် လက်တွေ့အသုံးချ ပရိတ်အစီအရင်၊ လိုရာဆန္ဒပြည့်ဝစေသော ပရိတ်ရွတ်ဖတ်နည်း၊ အဓိဋ္ဌာန်တင်နည်း၊ ဆုတောင်းနည်း စသည့် ကျင့်စဉ်များ ပါဝင်သည်။ ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅နှင့် ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## ပန်းအလှဆင် အနုပညာ



စန္ဒီ (Artist)၏ နိုင်ငံတကာ ပန်းအလှထိုးနည်းစာအုပ် ထွက်ရှိလာသည်။ စာအုပ်တွင် ပန်းအိုးမထိုးမီ အသုံးပြုမည့်ပစ္စည်းများနှင့် ပန်းများကို မညှိုးနွမ်းအောင် ပြုပြင်ထိန်းသိမ်းနည်းများ၊ ပန်းရွေးချယ်ရာတွင် ပန်းများ၏ အရောင်အဓိပ္ပာယ်နှင့် အသုံးပြုမည့်နေရာများကို သိရှိစေရန် ဖော်ပြထားပြီး နိုင်ငံတကာတွင် လူကြိုက်များနေသည့် ပန်းအိုးထိုးနည်းပေါင်းများစွာကို လှပသော ရောင်စုံဓာတ်ပုံ၊ ရုပ်ပုံများနှင့်တကွ သေသပ်လှပစွာ ပုံနှိပ်ထုတ်ဝေထားသဖြင့် စိတ်ဝင်စားဖွယ်ရာ ဖြစ်ပေသည်။ ဤစာအုပ်ကို စာပေလောက (၅)အမှတ် (၁၃၈/၁၄၀) ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၂၅၀၆၇ မှ တန်ဖိုးငွေကျပ် ၂၈၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

## မီဒီယာအလင်းတန်းများ




စာရေးသူ ကျော်ဇေယျ(သတင်းစဉ်)၏ မီဒီယာအလင်းတန်းများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အဆိုပါ စာအုပ်တွင် ကင်မရာသမိုင်း၊ ကင်မရာ၏ အဓိကလှုပ်ရှားမှုများ၊ ကင်မရာကိုယ်ထည်ရှိ ခလုတ်များ၊ ကင်မရာနှင့် တည်းဖြတ်ပြုပြင်ပြောင်းလဲနိုင်သော ဇယား၊ သတင်းဓာတ်ပုံဖွဲ့စည်းမှု၊ သတင်းဓာတ်ပုံ၏ အတွေးနှင့်အမြင်၊ အားကစားလှုပ်ရှားမှု သတင်းဓာတ်ပုံရိုက်နည်းနှင့် ညအလှရှုခင်း ဓာတ်ပုံရိုက်နည်း စသည်တို့ကို ပုံများနှင့်တကွ ရှင်းလင်းရေးသားထားသည်။


ဤစာအုပ်ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၈၁၀၂ နှင့် ၀၉-၇၃၁၀၀၂၇၄ တို့သို့ ဆက်သွယ်မှာယူနိုင်ပြီး တန်ဖိုးငွေကျပ် ၆၅၀၀ ဖြစ်သည်။

## မဂ်ဖိုလ်ရေးရာ အခြေခံများ



ဝဏ္ဏကျော်ထင် ဦးထူးရွှေ (အငြိမ်းစား တိုင်းပညာဝန်) ရှိစဉ်က ဆူးလေစေတီအဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၌ နှစ်ပေါင်းများစွာ သင်ကြားပြသခဲ့သော ဝိသုဒ္ဓိမဂ်လာနည်းများစွာတို့ကို သင်တန်းတွင် ပို့ချခဲ့သည့် သင်ကြားချက်အရပ်ရပ် သင်တန်းမှတ်စုအဖြာဖြာတို့ဖြင့် စုစည်းပေါင်းစပ်၍ ရိုက်နှိပ်ထားသည်။ ဝိပဿနာအား ထုတ်သူတို့ သဒ္ဓါတရားတက်ကြွလာစေခြင်း၊ အခြေခံနည်းပြလမ်းညွှန်ဖြစ်နိုင်စေခြင်းစသည့် အကျိုးများစွာ ရရှိနိုင်စေရန် ဆရာကြီးရှိစဉ် ပထမအကြိမ်နှင့် ယခုတတိယအကြိမ်ရိုက်နှိပ်သည့် စာအုပ်ကို စာပေဗိမာန်၊ ဗိုလ်ချုပ်လမ်း ပညာအလင်းပြ၊ စူပါဝမ်းကုန်တိုက်၊ မိုးကျော်စာပေ၊ ဆူးလေစာအုပ်ဆိုင် အမှတ် (၄) ဗောဓိရိပ်သာ သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၄၇၇၂ က ဖြန့်ချိသည်။

## လေ့လာယှဉ်တွေး နိုင်ငံတကာပညာရေး



မောင်ကျေးဇူး ရေးသားသည့် လေ့လာယှဉ်တွေးနိုင်ငံတကာပညာရေး စာအုပ်သစ်ကို ခရီးလမ်းစာပေက စာစဉ် (၆)အဖြစ် ပုံနှိပ်ထုတ်ဝေထားသည်။ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံတကာ ပညာရေးဆောင်းပါး ၃၅ ပုဒ်ပါဝင်သည်။ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေချိန်တွင် နှိုင်းယှဉ်လေ့လာကိုးကားစရာ စာအုပ်ကောင်းဖြစ်သည်။ ခရီးလမ်းစာပေ အမှတ် (၈၅) အထက်ဗဟိုလမ်း (၂)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၁၀၆၅၅ က တန်ဖိုးငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဖြန့်ချိသည်။

## ပြည်တွင်းရေးရာ

❑ ရှေ့ဖုံးမှ

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရေးကဏ္ဍအဆင့်၊ ဖွံ့ဖြိုးတိုးတက်မှုအပေါ် တည်မှီနေပါကြောင်း၊ ပညာရေးအဆင့်မြင့်မားနေသည့် နိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ကောင်းစွာအထောက်အကူပြုနိုင်ပြီး ပညာရေးနိမ့်ကျသည့် နိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်နေမည်ဖြစ်ပါကြောင်း။

ပညာရေးအဆင့်မြင့်မားလာစေရန် ယနေ့လူငယ်များကို ပျိုးထောင်ပေးကြရသည့် ဆရာ ဆရာမများသည် နိုင်ငံ၏ အနာဂတ်ကို ပဲ့ကိုင်နေကြသူများလည်းဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ရှေ့ဆောင်လမ်းပြနေသည့်သူများသည်လည်း ဆရာ ဆရာမများပင်ဖြစ်ပါကြောင်း၊ သို့သော် ဆရာ ဆရာမများ မလုံလောက်မှုသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါကြောင်း။




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ တက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လူမှုထူးချွန်ဆုရ ကျောင်းဆရာတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

UNESCO ၏ အစီရင်ခံစာအရ တစ်ကမ္ဘာလုံး ဆရာများ၏ လိုအပ်ချက်သည် ၁ ဒသမ ၄ သန်းခန့် ရှိနေသည်ဟု သိရှိရပါကြောင်း၊ ကမ္ဘာနှင့်တစ်ဝန်း သန်းပေါင်း ၂၅၀ ခန့်သော ကလေးများသည် အခြေခံစာအရေး၊ အဖတ်တတ်သည့် အဆင့်ကိုပင် မရရှိကြသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် ၂၀၁၅ ခုနှစ် ထောင်စုနှစ်ရည်မှန်းချက်တွင် မူလတန်းပညာရေးကို ကလေးငယ်တိုင်းသင်ကြားနိုင်ရန် ရည်မှန်းခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ပညာရေးအယူအဆ၊ ပညာရေးရည်မှန်းချက်၊ ပညာရေးလုပ်ငန်းစဉ်များသည် ခေတ်စနစ်ပြောင်းလဲမှုနှင့်အတူ လိုက်ပါပြောင်းလဲနေမည် ဖြစ်သော်လည်း မည်သည့် အခြေအနေမျိုးတွင်မဆို ပညာရေးလုပ်ငန်းတစ်ခုလုံး၏ အဓိကသော့ချက်သည် ဆရာ ဆရာမများပင်ဖြစ်ပါကြောင်း။

ဆရာ ဆရာမများသည် စာပေသင်ကြားပေးရသည့် တာဝန်အပြင် ကျောင်းသားများ၏ ရုပ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများတွင် စံပြဖြစ်စေရန် ပြောဆိုပြုမူ ဝတ်စားနေထိုင်မှုတွင် စံနမူနာပြုအတုယူလေးစားရမည့်သူများအဖြစ် နေထိုင်နိုင်ကြရမည်ဖြစ်ပါကြောင်း။

ပညာရေးအဆင့်အတန်း တိုးတက်ရန် ကျောင်းသား ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုသည် အရေးကြီးသကဲ့သို့ သင်ရိုးညွှန်းတမ်း အဆင့်မီစေရန်နှင့် ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရန်လည်း လိုအပ်ပါကြောင်း၊ ထို့အတူ ဆရာ ဆရာမများ အနေဖြင့် သင်ကြားပေးရသည့် ဘာသာရပ်များအပေါ် ကျွမ်းကျင်ပိုင်နိုင်ပြီး စိတ်ရောကိုယ်ပါ အာရုံစူးစိုက်သင်ကြားပေးနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ ထိုသို့ အာရုံစိုက်သင်ကြားပေးနိုင်ရန် ဆရာ ဆရာမများ၏ လူမှုစီးပွားဘဝ မျှတနေရန်လည်း လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံတကာစံချိန်မီ ပညာတတ်လူငယ်များ မွေးထုတ်ပေးရန်၊ လက်တွေ့ကျသည့် ပညာရေး အခွင့်အလမ်းများရရှိစေရန်နှင့် နိုင်ငံတကာတက္ကသိုလ်များတွင် သွားရောက်လေ့လာသင်ကြားခွင့်ရရှိနိုင်စေရန် ရည်ရွယ်ပြီး ဘွဲ့ကြိုတန်းနှင့် ဘွဲ့လွန်တန်းများအတွက် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုများ ပေးအပ်ချီးမြှင့်ရန် ဆောင်ရွက်လျက်ရှိသည်ကို သတင်းကောင်း ပါးလိုပါကြောင်း၊ အမှန်တကယ် ထူးချွန်သူများ လျှောက်ထားနိုင်ကြမည်ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် British Council တို့က စတာလင်ပေါင် ၄ ဒသမ ၇ သန်း တန်ဖိုးရှိ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ် ၂၀ ကျောင်းတို့တွင် ဗြိတိသျှနိုင်ငံသား အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သူပညာရှင် အယောက် ၅၀ ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစတင်ပြီး ၂၀၁၆ ခုနှစ် မတ်လအထိ အင်္ဂလိပ်ဘာသာရပ်တိုးတက်စေရန် သွားရောက်ပို့ချစေလျက်ရှိပါကြောင်း။

ဆရာ ဆရာမများအနေဖြင့် သင်ကြားပို့ချရသူဖြစ်သကဲ့သို့ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့် ယနေ့ခေတ်ကာလတွင် ဘာသာရပ်နှင့် နည်းပညာများကို မျက်ခြည်မပြတ်ကြစေဘဲ ဘဝတစ်သက်တာ သင်ယူစရာအဖြစ် အစဉ်မပြတ် လေ့လာသင်ယူနေကြသူများလည်း ဖြစ်ကြရန် လိုအပ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ပြီး ပညာရေးနှင့် စီးပွားရေးယှဉ်တွဲ အာရုံစိုက်သင်ကြားပေးရန် လိုအပ်လာပါကြောင်း။

နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးစနစ်အစား အသိပညာနှင့် အတတ်ပညာ ကျွမ်းကျင်မှုကိုအခြေခံသည့် စီးပွားရေးစနစ်ကို ပြောင်းလဲလုပ်ကိုင်နိုင်စေရန် သင်ကြားပေးရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ရေရှည်တည်တံ့ပြီး ကမ္ဘာကိုဝင်ဆံ့နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းကို ထူထောင်သည့်အခါ မိမိတို့နိုင်ငံသားများသည် အခြားသော အာဆီယံနိုင်ငံများနှင့် တန်းတူယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်းရှိရန်၊ ကျွမ်းကျင်သည့်ပညာရှင်များမွေးထုတ်ပေးရန် လိုအပ်လာသကဲ့သို့ နိုင်ငံ၏ ကြီးထွားလာမည့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများနှင့် အံဝင်ခွင်ကျဖြစ်သည့် ပညာရှင်များ မွေးထုတ်ပေးရန်လည်း လိုအပ်လာပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ရောက်ရှိနေကြသည့် မိမိတို့တာဝန်ကျရာ ရပ်ရွာဒေသအလိုက် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို အခက်အခဲအမျိုးမျိုးရှိသည့်ကြားက မေတ္တာ၊ စေတနာဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် ဆရာ ဆရာမများအားလုံးကိုလည်း နိုင်ငံတော်၏ကိုယ်စား ကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူးက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့(၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကိုဖတ်ကြားပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)ဆရာကြီး ဦးသန်းဦးက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာ သန်းအောင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်တို့က ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။



**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များဖြစ်ကြသည့် ဒေါက်တာခင်ဇော်၊ ဒေါက်တာဒေါ်သန်းနွဲ့၊ ဦးဝင်းမောင်၊ ဦးတင်ညို၊ ဦးဗန်ကြီး၊ ဒေါ်ခင်ခင်နှင့် ဦးဟရန်းလင်တို့အားလည်းကောင်း၊ လူမှုထူးချွန်ဆုရရှိကြသည့် ဦးရွှေဘ၊ ဦးလှနူးနှင့် ဦးသန်းလှိုင်တို့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**



**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# မင်းတုန်း၌ ယာဉ်တိမ်းမှောက်မှုအတွက် ထောက်ပံ့

**မင်းတုန်း အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့၌ ယာဉ်တိမ်းမှောက်မှုအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက်က အမှတ်(၂)ရပ်ကွက်အတွင်းရှိ အားမာန်သစ်ယာဉ်လိုင်းဂိတ်အတွင်း ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် အားမာန်သစ်ယာဉ်လိုင်းမှ ယာဉ်အမှတ် ၄ခ/----- ယာဉ်တိမ်းမှောက်မှုတွင် ထိခိုက်ဒဏ်ရာရရှိသူများကို အားမာန်သစ်ယာဉ်လိုင်းဥက္ကဋ္ဌ ဦးနေဝင်းက ထောက်ပံ့ငွေများပေးအပ်ရာ ထိခိုက်ဒဏ်ရာရရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သက်ထွန်း(ပြန်/ဆက်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော်　　အောက်တိုဘာ　　၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယူးယောက်မြို့၌ကျင်းပသည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်ပြီး အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ ပြည်ထောင်စုဝန်ကြီးသည် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ စက်တင်ဘာ ၂၉ ရက်က အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂညီလာခံတက်ရောက်စဉ်အတွင်း အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (အေစီဒီ)၊ နိုင်ငံခြားရေးဝန်ကြီးများ နံနက်စာအလုပ်သဘောအစည်းအဝေး၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှု အပြည်ပြည်ဆိုင်ရာညီလာခံမှချမှတ်ထားသည့် လုပ်ငန်းအစီအစဉ် တိုးတက်မှုအခြေအနေကိုဆွေးနွေးသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၂၉)ကြိမ်မြောက် အထူးအစည်းအဝေး၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ကြီးမှူးကျင်းပသည့် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး (၂၀၁၄) နှင့် နယူးယောက်မြို့ရှိ ရေးလ်ကလပ်တွင်ကျင်းပသည့် သတ္တမအကြိမ်ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု နှီးနှောဖလှယ်ပွဲများသို့လည်း တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အာရပ်စော်ဘွားများပြည်ထောင်စု ဒုတိယနိုင်ငံခြားရေးဝန်ကြီး Ms. Reem Al Hashimi၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Leila Zerrougu၊ အီတလီဒုတိယနိုင်ငံခြားရေးဝန်ကြီး Ms. Lapo Plstelli၊ ကိုလံဘီယာနိုင်ငံခြားရေးဝန်ကြီး Ms. Maria Angela Holguin Cuellar၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအတွက် ဘဏ္ဍာရေးဆိုင်ရာအထူးပုဂ္ဂိုလ် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား Queen Maxima၊ အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အတွင်းရေးမှူးချုပ် Mr. Lyad Ameen Madani၊ တူရကီနိုင်ငံခြားရေးဝန်ကြီး Mr. Mevlut Cavusoglu၊ ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Gyan Acharya နှင့် South Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Martin Khor တို့နှင့်လည်း ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်စဉ်အတွင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးရာတွင် နှစ်ဖက်စိတ်ဝင်စားသည့်ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်သည် နယူးယောက်မြို့၌ ကုလသမဂ္ဂအစည်းအဝေးများ တက်ရောက်ပြီးနောက် စက်တင်ဘာ ၃၀ ရက်တွင် ဝါရှင်တန်မြို့၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Mr. John F.Kerry အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် သွားရောက်တွေ့ဆုံခဲ့သည်။**(အပေါ်ပုံ)** တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် ဝါရှင်တန်မြို့၌ အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာ၊ အာရှနှင့် ပစိဖိတ်ဆပ်ကော်မတီအဖွဲ့ဝင် လွှတ်တော်အမတ် Mr. Eni F.H.Faleomavaega၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာ လုံခြုံရေးနှင့် အဏုမြူလက်နက်ဖျက်သိမ်းရေးဗျူရို လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Thomas M.Countryman တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**



## ❑ ရွှေမြန်မာလေကြောင်းလိုင်းမှ

အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၈ နာရီ ၁၅ မိနစ်တွင် အောင်မြင်စွာပြန်လည်ရောက်ရှိခဲ့သဖြင့် လက်ခုတ်သံများဖြင့် ဂုဏ်ပြုကြသည်။

ယင်းခရီးစဉ်တွင် ရွှေမြန်မာလေကြောင်းလိုင်းမှ ရန်ကုန်မှ သံတွဲ၊ သံတွဲမှ ရန်ကုန်သို့ စတင်စီးနင်းလိုက်ပါလာသည့် ခရီးသည်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်း၊ ရန်ကုန်မှ သံတွဲသို့အသွားခရီးစဉ်တွင် လိုက်ပါစီးနင်းသည့် ခရီးသည်များထဲမှ ငါးဦးနှင့် သံတွဲမှ ရန်ကုန်သို့ လိုက်ပါစီးနင်းသည့်ခရီးသည်များထဲမှ ငါးဦး စုစုပေါင်း ၁၀ ဦးတို့အား ရန်ကုန်-မန္တလေး-ရန်ကုန်၊ ရန်ကုန်-သံတွဲ-ရန်ကုန်၊ ရန်ကုန်-ချင်းမိုင်-ရန်ကုန်၊ ရန်ကုန်-ညောင်ဦး-ရန်ကုန်၊ ရန်ကုန်-ဟဲဟိုး-ရန်ကုန် ခရီးစဉ်တို့အတွက် အခမဲ့အသွားအပြန်လက်မှတ်များ ကံစမ်းမဲနှိုက်ပေးရာ မဲပေါက်သူခရီးသည်များ ပျော်ရွှင်လျက်ရှိသည်ကို တွေ့ရပြီး ရန်ကုန်-ဟဲဟိုး-ရန်ကုန် ကံစမ်းမဲပေါက်သူ စပိန်နိုင်ငံသူ Ms. Venessam က "ကျွန်မက စပိန်ကို ပြန်တော့မှာပါ။ မြန်မာနိုင်ငံကို နောင်နှစ်ကျ တစ်ခေါက်ပြန်လာရင် ဒီလက်မှတ်ကို အသုံးပြုလို့ရမလား"ဟု မေးသဖြင့် ရွှေမြန်မာလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက "အခုပေါက်တဲ့ကံစမ်းမဲလက်မှတ်က ခြောက်လသာ သတ်မှတ်ထားပါတယ်။ အခုစပိန်သူကိုတော့ တစ်နှစ်ခွင့်ပြုပါတယ်"ဟု ပြောရာ စပိန်သူက "လာဖြစ်အောင် လာခဲ့ပါမယ်။ အခုလို ခွင့်ပြုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသွားသည်။

ရွှေမြန်မာလေကြောင်းလိုင်းသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ Airbus A320 လေယာဉ်ကြီးများဖြင့် ရန်ကုန်-မန္တလေး-ရန်ကုန်၊ ရန်ကုန်-စင်ကာပူ-ရန်ကုန်၊ ရန်ကုန်-ဗန်ကောက်-ရန်ကုန် ခရီးစဉ်များကို စတင်ပြေးဆွဲခဲ့ပြီး ပြင်သစ်နိုင်ငံလုပ် ATR 72-600 လေယာဉ်သစ်နှစ်စင်းဖြင့် ဇွန်လမှစတင်၍ မန္တလေးမှတစ်ဆင့် ညောင်ဦး၊ ဟဲဟိုး၊ ဗန်းမော်၊ မြစ်ကြီးနား၊ ပူတာအို၊ လားရှိုး၊ တာချီလိတ်မြို့များသို့ ပျံသန်းပြေးဆွဲလျက်ရှိပြီး ယခုလမှစတင်၍ ရန်ကုန်-ချင်းမိုင်-ရန်ကုန်၊ ရန်ကုန်-သံတွဲ၊ ရန်ကုန်-ဟဲဟိုး၊ ရန်ကုန်-ညောင်ဦး ခရီးစဉ်သစ်များကို ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ရန်ကုန်-သံတွဲ-ရန်ကုန် ခရီးစဉ်သစ်ကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် စနေနေ့များတွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကာ ခရီးစဉ်တစ်ကြောင်းလျှင် ငွေကျပ် ၅၉၀၀၀ ဖြစ်ကြောင်း သိရသည်။

**ဒွေးအောင်(ကြေးမုံ)**

❑



## အာမေးနီးယားနိုင်ငံ ကက်သလစ်ဘာသာဂိုဏ်းချုပ် ဘုန်းတော်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန်　　အောက်တိုဘာ　　၅**

ရန်ကုန်မြို့၌ အလည်အပတ်ရောက်ရှိနေသော အာမေးနီးယားနိုင်ငံ ကက်သလစ်ဘာသာဂိုဏ်းချုပ် ဘုန်းတော်ကြီး His Holiness Karakin II ဦးဆောင်သောအဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

# တောင်ကြီးမြို့၌ မိုင်းပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၅**

အောက်တိုဘာ ၄ ရက်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ပေါ်တွင် ပေါက်ကွဲမှု(၃)ကြိမ် ဖြစ်ပွားခဲ့သည်။ ည ၁၀ နာရီ ၂၂ မိနစ်တွင် စဝ်စံထွန်းရပ်ကွက် မြို့ပတ်ကားမှတ်တိုင်၌ ပေါက်ကွဲမှုစတင်ဖြစ်ပွားခဲ့ရာ အရှည်ပေ ၂၀ ခန့်ရှိ ကားမှတ်တိုင်(သစ်သား) ထိုင်ခုံ ၁၀ ပေခန့်ပျက်စီး၍ အမြင့် ၁၅ ပေခန့်ရှိ ကားမှတ်တိုင်(သွပ်မိုး) ပွင့်ထွက်ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းသိရှိရသည်။ ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် သစ်တောရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေး တောင်ဘက်ခြမ်းရှေ့တွင် ဒုတိယမြောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆိုပါနေရာအနီး ည ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် ထပ်မံပေါက်ကွဲမှုဖြစ်ပွားသဖြင့် ယင်းပေါက်ကွဲမှုဖြစ်စဉ်တွင် တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ထိမှန်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါ ပေါက်ကွဲမှုနေရာများသို့ နယ်မြေခံတပ်မှ မိုင်းရှင်းလင်းရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှ လှည့်ကင်းလုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်ခဲ့ရာ အခင်းဖြစ်နေရာအနီးတွင် ပေါက်ကွဲမှုမရှိသေးသည့် ရှေ့ထွက်မိုင်း ၁လုံးနှင့် စဝ်စံထွန်းရပ်ကွက်အတွင်း မပေါက်ကွဲသေးသည့် မိုင်းတစ်လုံးတို့အား ထပ်မံတွေ့ရှိရ၍ မိုင်းရှင်းလင်းရေးအဖွဲ့က သဲအိတ်များ ကာရံကာ ရေလုံးစနစ်ဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်းနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ပူးပေါင်းအဖွဲ့များက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

❑

## ဖားကန့်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်　　အောက်တိုဘာ　　၅**

ဖားကန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၃ ရက်က ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု မော်မောင်းလယန်ကျေးရွာ ရပ်ကွက်(၂)နေ မောင်ဝိုင်းနှင့်မသီသီမြင့်တို့၏ နေအိမ်ဈေးဆိုင်အားရှာဖွေရာ အာရှပင်မှည့်ဖျော်ရည်ဘူးပိုင်း နှစ်ဘူးဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀ သိမ်းဆည်းရမိသဖြင့် မောင်ဝိုင်း (၃၂)နှစ်နှင့် မသီသီမြင့်(၃၇)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



**မောင်ဝိုင်းနှင့် မသီသီမြင့်တို့အား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။**

## ကမ္ဘာ့ဆရာများနေ့ သရက်မြို့၌ ကျင်းပ

**သရက် အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက(၁)ကျောင်း စိန်ရတုခန်းမ၌ ကျင်းပခဲ့ရာ ရုံးရပ်မူလတန်းကျောင်းမှကျောင်းသား၊ ကျောင်းသူကလေးများက 'အိုဘယ့်မြတ်ဆရာ' သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာကို သရက်မြို့နယ် ဒုတိယပညာရေးမှူး ဦးစိုးနိုင်က ဖတ်ကြားပြီး အငြိမ်းစား ဆရာကြီးဆရာမကြီးများအား ကန်တော့ချိုးဖြင့် ကန်တော့ကြကာ ကန်တော့ခံ ဆရာကြီးဆရာမကြီးများကိုယ်စား ဆရာကြီးဦးလှထွန်းက ဆုံးမဩဝါဒစကား ပြောကြားပြီး ရွှေဘုံသာ မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူကလေးများက မြတ်ဆရာသီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

# မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဆေးဝါးများ အလွဲသုံးမှုမဖြစ်စေရေး ဆွေးနွေး

**မော်လမြိုင် အောက်တိုဘာ ၅**

မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများ အလွဲသုံးမှုမဖြစ်စေရေး တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက် နံနက်က မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ပြည်နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်က အဖွင့်အမှာစကား ပြောကြားပြီး မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်းက မွန်ပြည်နယ် အတွင်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူကာ အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တားဆီးနှိမ်နင်းရေးတစ်ခုတည်းဖြင့်မရဘဲ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား အပါအဝင် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများအလွဲသုံးမှုများ လူငယ်ထုအတွင်း လျင်မြန်စွာ ပျံ့နှံ့လျက်ရှိနေခြင်းကြောင့်အသိပညာပေးရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ရဲတပ်ဖွဲ့ဝင်များကလည်း တားဆီးနှိမ်နင်းရေး စီမံချက်နှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး မွန်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ ဖမ်းဆီးထားမှု အခြေအနေတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ (နေပြည်တော်)မှ ဒုတိယရဲမှူးကြီး မြင့်သိန်းက ထိန်းချုပ်ဆေးဝါးများနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးကာ မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ(ဆေးဝါး) ဒေါက်တာဦးစိုးနိုင်က ထိန်းချုပ်ဆေးဝါးများအပေါ် လိုက်နာရမည့် ဆောင်ရွက်ချက်များအကြောင်း ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိန်းလှိုင်(မော်လမြိုင်)**



# လားရှိုးကညနမှ ယာဉ်နှင့် ယာဉ်မောင်းလိုင်စင် အတုအစစ်ခွဲခြားစစ်ဆေးပေးနေ

**လားရှိုး အောက်တိုဘာ ၅**

ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် အများပြည်သူတို့ ထင်ယောင်ထင်မှားမဖြစ်စေရေးအတွက် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်ကို အတုအစစ် ခွဲခြားသောစက်ဖြင့် ကညန(လားရှိုး)ရုံးက ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင် အတုအစစ် ခွဲခြားစစ်ဆေးပေးမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကညန(လားရှိုး)ရုံးမှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင်၏ စီမံညွှန်ကြားမှုဖြင့် စစ်ဆေးရေးမှူး(၂) ဦးမင်းဆွေနှင့်အဖွဲ့က လက်ခံဆောင်ရွက်ပေးခြင်းဖြစ်သည်ဟု သိရသည်။

"အခုစစ်ဆေးပေးတဲ့စက်က ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်တွေကို အတုအစစ်ခွဲခြားသိနိုင်ဖို့ပါ။ စစ်ဆေးလိုတဲ့ လိုင်စင်ကို စက်ထဲထည့်လိုက်တာနဲ့ အစစ်ဆိုရင် ကညနလိုဂိုနဲ့ ရေစာပေါ်လာပါတယ်။ အတုဆိုရင်တော့ ကညနလိုဂိုနဲ့ ရေစာမပေါ်ဘူး။ လိုင်စင်အတုဆိုတာလည်း ရှိတတ်ပါတယ်။ အများပြည်သူတွေအနေနဲ့ သာမန်ကြည့်ရင် ခွဲခြားဖို့ခက်ပါတယ်။ ဒီစက်ကတော့ ထည့်ပြီးစစ်ဆေးလိုက်တာနဲ့ အတုအစစ် ပေါ်လာတာပါပဲ။ ဒီမှာ လက်တွေ့ကြည့်ကြပါ"ဟု ဦးမင်းဆွေက ရှင်းပြပြီး စာနယ်ဇင်းမီဒီယာများ၊ ယာဉ်မောင်းများနှင့် လေ့လာသူများကို လက်တွေ့စစ်ဆေးပြသခဲ့သည်။

**(သီပေါကိုလတ်)**

# ပျိုရွယ်သူ ကျန်းမာရေးနှင့် မိဘပညာပေးခြင်းပြုလုပ်

**သာယာဝတီ အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ သာယာဝတီခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များသည် ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် မိဘများအား ပညာပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက သာယာဝတီမြို့ အထက(၁) ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် အလှူငွေကျပ် ၂၅၀၀၀၀ နှင့် ဗလာစာအုပ် ဒါဇင် ၂၀၀ ကို လှူဒါန်းခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ခရိုင်ကျန်းမာရေးဌာနမှ ဆရာဝန်ကြီးများက အသိပညာပေးဟောပြောခဲ့ပြီး မိဘများက ပြန်လည်ဆွေးနွေးခဲ့သည်။ ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးတာဝန်ခံက အသိပညာပေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် အထက(၇) ကျောင်းခန်းမ၌ စက်တင်ဘာ ၂၉ ရက်က မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၇၀ တို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ညွန့်နှင့် ဝန်ထမ်းများက တစ်ဦးချင်းပေးအပ်သည်။

ယင်းအခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီး ဦးကြည်လွင်၊ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကျော်စိုးမိုး)**



# ဆင်မင်းသားတို့၏ စွမ်းရည်

**ကျောက်ဆည် အောက်တိုဘာ ၅**

ကျောက်ဆည်မြို့ကို ဆင်မြို့တော်ဟု လူသိများကြသည်။ ကျောက်ဆည်မြို့ထဲသို့ရောက်သည်နှင့် မြန်မာမှု မြန်မာ့ဟန်ဖြင့် ရုပ်လုံးဖော်ထားသော ဆင်ဖြူတော်ကြီးနှစ်စီးက နွေးထွေးစွာနှုတ်ခွန်းဆက်နေဟန်ရှိပြီး တောင်ပေါ်သို့ဘုရားဖူးသွားမည်ဆိုပါက တောင်ခြေမှ ဆင်ပြောင်ကြီးနှစ်စီးက ကြိုဆိုလျက်ရှိသည်။ ကျောက်ဆည်မြို့ ဆင်ပွဲနီးလာသည်နှင့် ဆင်ပွဲလာပရိသတ်များပြင်ဆင်သလိုပင် ဆင်ပွဲတွင် ပါဝင်ဆင်နွှဲမည့်ဆင်များလည်းပြင်ဆင်ကြရသည်။

လှပသောကကွက်များဖြင့် ဆင်အကသည်ကြည့်ကောင်းလွန်းပြီး ထိုကကွက်ကို ညီညာစွာကပြနေသော ဆင်မင်းသားများကိုမူ သတိမထားမိကြတော့ပေ။ ပြိုင်ပွဲဝင်ဆင်တွင်ကပြရသော ဆင်ဦးစီး၊ ဆင်အတွင်း ဝင်ကရသော ဆင်မင်းသားများမှာ လှပသော ကကွက်ဖြစ်ရေးအတွက် မြန်မာ့ရိုးရာသိုင်းပညာအခြေခံတတ်ကြရသည်။ ဆင်အကကျွမ်းကျင်သူဖြစ်ရန် လေ့ကျင့်ယူကြရသည်။

ပထမဦးစွာ မြန်မာ့ရိုးရာသိုင်းပညာ လေးကွက်သိုင်းကို ပထမဦးစွာသင်ကြရသည်။ ဆင်ရုပ်အတွင်း မဝင်ခင် လက်ကိုပခုံးပေါ်တင်ကာ အခြေခံသိုင်းလေ့ကျင့်ကွက်ဖြင့် ခြေကျမှန်အောင်လေ့ကျင့်ကြရသည်။ ခြေကျမှန်ပြီဆိုပါက ဆင်အကဆရာက တစ်ဆင့်တက်ပေးပြီး ဝါးလုံးကိုဆင်အရုပ်ထမ်းသည့်အတိုင်း ထမ်းကာကကြရသည်။ ထိုသို့အကများ ကျွမ်းကျင်သွားပါက ဆင်ရုပ်အတွင်းဝင်ကာ ဆင်ထမ်းလေ့ကျင့်ကြရသည်။ ထိုသို့ထမ်းရာတွင် ရှေ့လူခြေထောက်ကို နောက်လူ မနင်းမိစေရေးဂရုစိုက်ပေးကြရသည်။

ထိုအဆင့်ကျွမ်းကျင်သွားပါက အရိုင်းဆင်အတွင်းဝင်ကာ အလျှုခံရာတွင်ကသည့်အဆင့်ကို ကျွမ်းကျင်အောင် လေ့ကျင့်ကြရသည်။ ဆင်အကတွင် အတွဲများနှင့်ရှိပြီးဖြစ်သည်။ ပြိုင်ပွဲဝင်ဆုရသည်အထိ ကပြနိုင်သည့် အကပညာရှင်များကို ၄ွားရမ်းလေ့ရှိသည်။ နောက်ပိုင်းတွင် ဆင်အကပညာအဆင့်မြင့်လာပြီး အခြေခံသိုင်းပညာအပြင် မြန်မာ့ရိုးရာအကအခြေခံဖြစ်သည့် ကဗျာလွတ်အကကိုပါ လေ့ကျင့်လာကြရသည်ဟုဆိုသည်။ ကျောက်ဆည်မြို့တွင် ဆုရသည်အထိ ကပြနိုင်သည့် ဆင်အကပညာရှင် ဆင်ဦးစီးက သူတို့မှာ သူ့အတွဲနှင့်သူ ကပြလေ့ရှိသည်၊ ကျောက်ဆည်ဆင်ကို ထမ်းကာ ကပြရခြင်းသည် ပင်ပန်းသလို ရှေ့လူနောက်လူညီညာမှုရှိကြရသည်၊ ဟန်ချက်ညီညာစွာ ဆင်ကိုထမ်းပြီး ဝါသနာအရင်းခံကာ ကပြကြရသည်၊ ဆင်အကပညာရှင်များသည် မြန်မာ့ရိုးရာ သိုင်းပညာအခြေခံနှင့် ကဗျာလွတ်အကပါကျွမ်းကျင်ကြရသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။



**(တိမ်တမန်)**

# ပထမဆုံးသောအယ်လ်ဘမ် ၁၆ နှစ်ပြည့် အခမ်းအနားကျင်းပခဲ့သည့် ဘရစ်တနီစပီးယား



အမေရိကန်ဂီတကြယ်ပွင့်တစ်ဦးဖြစ်သူ ဘရစ်တနီစပီးယားက ၎င်းအသက်(၁၆)နှစ်အရွယ် ၁၉၉၉ ခုနှစ်က ထွက်ရှိခဲ့သည့် Baby One More Time အမည်ရှိ စတီရီယိုအယ်လ်ဘမ်၏ ၁၆ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကိုကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအယ်လ်ဘမ်သည် အမေရိကန်တယ်လီဗီးရှင်း ရှိုးတစ်ခုဖြစ်သည့် The Mickey Mouse Club တွင် ကလေးသရုပ်ဆောင်အဖြစ် စတင်ကာ ၎င်း၏ ပထမဆုံးသော အနုပညာလောကသို့ မိတ်ဆက်ခဲ့သည့် အယ်လ်ဘမ်တစ်ခုဖြစ်ကာ ယင်းအယ်လ်ဘမ်သည် နိုင်ငံအနှံ့အပြားအထိ ထိုးဖောက်နိုင်ခဲ့ပြီး ထိုအချိန်က အချပ်ရေပေါင်း ၁၀ သန်းကျော် ရောင်းချခဲ့ရသည်။

ယခုအခါ ဘရစ်တနီသည် စတီရီယိုအယ်လ်ဘမ် ရှစ်ခု၊ တစ်ကိုယ်တော်အယ်လ်ဘမ် ၄၂ ခုထွက်ရှိထားပြီး အမေရိကန်ဂီတလောက၏ ထိပ်တန်းဂီတအနုပညာရှင် အမျိုးသမီး ၁၀ ဦးတွင် တစ်ဦးအပါအဝင်လည်း ဖြစ်ခဲ့သည်။

❖

# အဖွဲ့မှထုတ်ပယ်ခံရခြင်းအတွက် စိတ်မကောင်းဖြစ်နေသည့် ဂျက်စီကာ

တောင်ကိုရီးယား နာမည်ကြီးအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Girls’ Generation မှ အဖွဲ့ဝင် ဂျက်စီကာ ထုတ်ပယ်ခံရသည့်သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ၎င်းအနေဖြင့် လာမည့်ပရိသတ်တွေ့ဆုံပွဲများနှင့် ဖျော်ဖြေပွဲများတွင် ပရိသတ်များမည်သို့မျှော်လင့်မည်ကို စိတ်လှုပ်ရှားမိပါကြောင်း၊ အဖွဲ့လှုပ်ရှားမှုများကို မိမိ ကိုယ်ရေးကိုယ်တာများထက် ဦးစားပေးခဲ့သော်လည်း ရေရှည်အဖွဲ့ဝင်ဖြစ်ခွင့်မရခဲ့ခြင်းကို စိတ်မကောင်းဖြစ်မိပါကြောင်း Girls’ Generation မှ အဖွဲ့ဝင်ဟောင်း ဂျက်စီကာက Weibo တွင် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် “ပရိသတ်တွေ့ဆုံပွဲ တစ်ခုအပြီးမှာ အဖွဲ့ဝင်တွေက ဘာအကြောင်းပြချက်မှမပေးခိုင်းဘဲ စီးပွားရေးလုပ်ငန်းကိုစွန့်လွှတ်မလား၊ အဖွဲ့ကထွက်ခွာမလားလို့ မေးလာခဲ့တယ်” ဟု ဆက်လက်ဖော်ပြခဲ့သည်။

ဂျက်စီကာအား Girls’ Generation မှ ထုတ်ပယ်ကြောင်း အကြောင်းကြားစာကို အက်စ်အမ်အင်န်တာတိန်းမန့်မှ စက်တင်ဘာ ၂၉ ရက်က ပေးပို့ခဲ့ပြီး ယင်းသို့ပြုမူခံရသည့်အတွက် အလွန်ထိတ်လန့်တုန်လှုပ်လျက်ရှိကြောင်း ၎င်း၏ ဖက်ရှင်စီးပွားရေး BLANC မှ ထုတ်ပြန်သောကြေညာချက်အရ သိရသည်။

**မျိုးစန္ဒာမောင် – စုစည်းသည်**



# ဖယ်လ်ကာအိုနှင့် ဗီဒယ်တို့နှစ်ဦးအား ပေါင် ၉၅ သန်းဖြင့် မန်ယူစာချုပ်မည်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ရာဒါမယ်ဖယ်လ်ကာအိုနှင့် အာတူရိုဗီဒယ်တို့နှစ်ဦးအား ပြောင်းရွှေ့ကြေးပေါင် ၉၅ သန်းဖြင့် စာချုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ တိုက်စစ်မှူး ဖယ်လ်ကာအိုသည် လက်ရှိတွင် မန်ယူအသင်းတွင် ကာလရှည်အငှားစာချုပ်ဖြင့် ခေါ်ယူထားသူဖြစ်သည်။ သို့ရာတွင် သတင်းထုတ်ပြန်ချက်များအရ မန်ယူအသင်းသည် ကိုလံဘီယာ တိုက်စစ်မှူး ဖယ်လ်ကာအိုအား တစ်ပတ်လုပ်ခလစာပေါင် ၂၅၀၀၀၀ ဖြင့် အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆို ခေါ်ယူသွားရန် ပြင်ဆင်ထားကြောင်း သိရသည်။

မန်ယူအသင်းအကြီးအကဲများအနေဖြင့်လည်း တိုက်စစ်မှူး ဖယ်လ်ကာအိုအား အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူရန် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းနှင့် သဘောတူညီမှုရရှိထားပြီး ဖြစ်သည်။ ထို့ပြင် မန်ယူအသင်း နည်းပြ လူးဝစ်ဗန်ဟားလ်အနေဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်ကွင်းလယ်ကစားသမား ဗီဒယ်အား ခေါ်ယူရန် ပြင်ဆင်ထားခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ ဗန်ဟားလ်သည် ချီလီကြယ်ပွင့်ဗီဒယ်အား နွေရာသီအပြောင်းအရွှေ့ကာလကတည်းကပင် ခေါ်ယူရန်ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။



အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းကမူ အသင်း၏ အားထားရသည့် ကွင်းလယ်ကစားသမားဗီဒယ်အား ပြောင်းရွှေ့ကြေးပေါင် ၅၂ သန်းရရှိမှသာ ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

[ငွေကြယ်]

## ပရီမီယာလိဂ် ပွဲစဉ် (၇) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဗီလာ | ၀ - ၂ | မန်စီးတီး |
| မန်ယူ | ၂ - ၁ | အဲဗာတန် |
| ချယ်လ်ဆီး | ၂ - ၀ | အာဆင်နယ် |

## စပိန်လာလီဂါ ပွဲစဉ် (၇) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဗယ်လီကာနို | ၀ - ၂ | ဘာစီလိုနာ |
| အီဘား | ၃ - ၃ | လီဗန်တေး |
| အယ်မာရီယာ | ၂ - ၂ | အဲလ်ချီ |
| မာလာဂါ | ၂ - ၁ | ဂရန်နာဒါ |
| ဆီဗီးလ် | ၄ - ၁ | ဒီပို့တီဗို |

## စီးရီးအေ ပွဲစဉ် (၆) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဗီရိုနာ | ၁ - ၀ | ကယ်ဂလီယာရီ |
| အေစီမီလန် | ၂ - ၀ | ခီယေဗို |
| အမ်ပိုလီ | ၃ - ၀ | ပါလာမို |
| လာဇီယို | ၃ - ၂ | ဆာစူအိုလို |
| ပါးမား | ၁ - ၂ | ဂျီနိုအာ |
| ဆမ့်ဒိုးရီးယား | ၁ - ၀ | အတ္တလန်တာ |
| အူဒီးနီးစ် | ၁ - ၁ | ဆီစီနာ |

(မောင်မောင်ဇော်)

# ရီးယဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား ခီဒီယာ အာဆင်နယ်သို့ ပြောင်းရွှေ့ကစားရန် သဘောတူညီ



စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမားခီဒီယာသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီထားပြီ ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ခီဒီယာသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလကတည်းက အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်မှုရှိခဲ့သော်လည်း ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက် မရရှိခဲ့သဖြင့် ပြောင်းရွှေ့မှု မအောင်မြင်ခဲ့ပေ။

သို့သော်လက်ရှိတွင် ဂျာမနီကွင်းလယ်ကစားသမား ခီဒီယာ၏ ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းသည် နောက်ဆုံးနှစ်အတွင်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်သောကြောင့် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီလိုက်ပြီဖြစ်သည်။

[ငွေကြယ်]

■

# အာရှယူ-၁၉ ပြိုင်ပွဲ လက်မှတ်များ ရောင်းချလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲ၏ ပြိုင်ပွဲတစ်ခုလုံးအတွက် Specical Package လက်မှတ်များကို အောက်တိုဘာ ၅ ရက်မှစ၍ ရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲတစ်ခုလုံးအတွက် လက်မှတ်စောင်ရေ ၂၀၀၀ ရောင်းချလျက်ရှိပြီး အောက်တိုဘာ ၇ ရက်အထိ ဘောလုံးအဖွဲ့ချုပ် ဝင်ပေါက်၌ ရောင်းချမည်ဖြစ်သည်။ ပြိုင်ပွဲတစ်ခုလုံးအတွက် လက်မှတ်တစ်စောင် ဝယ်ယူပါက မြန်မာအသင်းဂျာစီ၊ Ooredoo ဆင်းကတ်နှင့်မြန်မာအသင်းနှင့်ပတ်သက်သည့် အမှတ်တရပစ္စည်းများ လက်ဆောင်ပေးအပ်မည်ဖြစ်သည်။ ပွဲတစ်ပွဲချင်းအလိုက် လက်မှတ်များကို အောက်တိုဘာ ၈ ရက်မှစ၍ သုဝဏ္ဏအားကစားရုံ၊ အောင်ဆန်းကွင်းနှင့် စလင်းကွင်းတို့၌ ရောင်းချသွားမည်ဖြစ်သည်။ ပွဲတစ်ပွဲချင်းအတွက် လက်မှတ်များကို အထူးတန်း ကျပ် ၅၀၀၀၊ ရိုးရိုးတန်း ကျပ် ၂၀၀၀ နှင့် ပြိုင်ပွဲတစ်ခုလုံးအတွက်လက်မှတ်ကို ကျပ် ၅၀၀၀၀ သတ်မှတ်ထားသည်။

(စိုးညွန့်)




THADINGYUT
Value Offerings
CRYSTAL
EXECUTIVE CONDOMINIUM
FACILITIES
OFFICES & MARTS
SWIMMING POOL WITH SIDE DECK
GYMNASIUM
WATER LOUNGE
PARKING FOR EVERY UNIT
ADDITIONAL 20% GUEST PARKING
PASSENGER LIFT (2) NOS
CAR LIFT (1) NO
INTERNET (FIBRE LINE)
24 HR BACK UP GENERATOR
PRIVATE TRANSFORMER
FREEHOLD LAND
EARLY BIRD PROMOTION
Only On October > 10% Off (For First - 10 Units)
Only On November > 5% Off (For Any Units)
30 Months FLEXIBLE PAYMENT PLAN
REAL HOME
ECLION

# ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်း

**၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့်**
**မီးသတ်တပ်ဖွဲ့ဥပဒေကြမ်း**
**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။ )**
**၁၃၇၆ ခုနှစ်၊  လ  ရက်**
**(၂၀၁၄ ခုနှစ်၊  လ  ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မီးသတ်တပ်ဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ မီးသတ်ဦးစီးဌာန၊ အရန်မီးသတ်တပ်ဖွဲ့နှင့်သီးသန့်မီးသတ်တပ်ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကိုဆိုသည်။

(ခ) **အရန်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ မီးသတ်ဦးစီးဌာနက လေ့ကျင့်သင်ကြားပြီး ဖွဲ့စည်း တည်ထောင်သည့် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဂ) **သီးသန့်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ စက်ရုံ၊အလုပ်ရုံ၊ကားဂိတ်၊ လေဆိပ်၊ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်ထားသည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဃ) **မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာ** ဆိုသည်မှာ မီးဘေးလုံခြုံရေးအတွက် အသုံးပြုသည့် မီးလှန့်အချက်ပေးပစ္စည်းကိရိယာ၊ မီးလောင်မှုဆိုင်ရာ အာရုံခံပစ္စည်းကိရိယာ၊ အရေးပေါ်လွတ်မြောက်မှုအတွက် အသုံးပြုသော ပစ္စည်းကိရိယာ၊ မီးငြိမ်းသတ်ရာ၌ အသုံးပြုသည့် မီးသတ်ဆေးဘူး၊ မီးသတ်စက်၊ ရေစုပ်စက်၊ ယာဉ်အမျိုးမျိုး၊ ဆက်သွယ်ရေးကိရိယာ သို့မဟုတ် မီးငြိမ်းသတ်ရန်အသုံးပြုနိုင်သော ပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။ ထို့အပြင် မီးသတ်တပ်ဖွဲ့မှ အသုံးပြုနေသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများနှင့် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(င) **မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်း** ဆိုသည်မှာ မီးလောင်လွယ်သော ပစ္စည်းများ၊ မီးသွေး၊ ကျောက်မီးသွေး၊ဓာတ်ငွေ့၊ ဓာတ်ငွေ့ရည်၊ ချွတ်ယွင်းပျက်စီးနေသော သို့မဟုတ် လျှပ်စစ်စီးဝင်နေသော လျှပ်စစ်ပစ္စည်း ကိရိယာ၊ အရက်ပြန်၊ အရက်ဆီ၊ အက်စစ်၊ ဝါဂွမ်းနှင့် ဝါဂွမ်းအခြေခံပစ္စည်း၊ သစ်နှင့်သစ်အခြေခံပစ္စည်း၊ စက္ကူနှင့် စက္ကူအခြေခံ ပစ္စည်း၊ ရော်ဘာနှင့်ရော်ဘာအခြေခံပစ္စည်း၊ ပလတ်စတစ်နှင့် ပလတ်စတစ်အခြေခံပစ္စည်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ အပူကို ဖြစ်ပေါ်စေသောပစ္စည်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်းအဖြစ် သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(စ) **မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်း** ဆိုသည်မှာ မီး၊ လောင်စာ၊ လျှပ်စစ်ဓာတ်အား သို့မဟုတ် မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်းများကိုအသုံးပြုသော လုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါလုပ်ငန်းနှင့်ဆက်စပ်သော နေရာ၊ အဆောက်အအုံ သို့မဟုတ် ယာဉ်လည်း ပါဝင်သည်။

(ဆ) **ပေါက်ကွဲစေတတ်သည့်ပစ္စည်း** ဆိုသည်မှာ ဓာတုဗေဒပစ္စည်း အမျိုးမျိုး၊ ယမ်းအမျိုးမျိုး သို့မဟုတ် ယမ်းအသုံးပြုထားသော ပစ္စည်း၊ ပေါက်ကွဲမှုကိုဖြစ်ပေါ် စေနိုင်သော အရာဝတ္ထုပစ္စည်း အမျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပေါက်ကွဲစေတတ်သည့် ပစ္စည်းအဖြစ်သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ဇ) **ဗဟိုအဖွဲ့** ဆိုသည်မှာ မီးဘေးလုံခြုံရေး ဗဟိုအဖွဲ့ကိုဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဝန်ကြီး** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဋ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဌ) **မီးသတ်ဦးစီးမှူး** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်။

(ဍ) **မီးသတ်တာဝန်ခံ** ဆိုသည်မှာ ဒေသတစ်ခုတွင် တာဝန်ပေးအပ်ခြင်းခံရသည့် အဆင့်အမြင့်ဆုံးမီးသတ်ဝန်ထမ်း သို့မဟုတ် မီးသတ်ဝန်ထမ်းမရှိသော နယ်မြေတွင် မီးသတ်ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် အဆင့်အမြင့်ဆုံး အရန်မီးသတ်တပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဎ) **မီးသတ်ဝန်ထမ်း** ဆိုသည်မှာ မီးသတ်ဦးစီးဌာနတွင် ခန့်ထားခြင်းခံရသော နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များကို မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေးအတွက် ကာကွယ်ပေးရန်။

(ခ) မီးသတ်တပ်ဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ မီးသတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရန်။

(ဂ) မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ ကာကွယ်တားဆီးရေး၊ ရှာဖွေကယ်ဆယ်ရေးတို့ကို ဆောင်ရွက်ရန်။

(ဃ) ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကိုရရှိရေးအတွက် ပညာပေးစည်းရုံး လှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်။

(င) နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်လာပါက စနစ်တကျဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ရန်။

## အခန်း(၃)
## မီးဘေးလုံခြုံရေး ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည်-

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မီးဘေးလုံခြုံရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယ ဥက္ကဋ္ဌ |
| (၃) | တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) | မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌများ | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ | အဖွဲ့ဝင် |
| (၆) | မီးဘေးလုံခြုံရေးကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ် မီးသတ်ဦးစီးဌာန | အတွင်းရေးမှူး |
| (၈) | ဒုတိယညွှန်ကြားရေးမှူးချုပ် မီးသတ်ဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဗဟိုအဖွဲ့ကို ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်း နိုင်သည်။

## အခန်း(၄)
## ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မီးဘေးလုံခြုံရေးဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ခြင်း။

(ခ) သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ရေးနှင့် ကျရောက်သည့်အခါ ရှာဖွေ ကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့မှ ကူညီဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ခြင်း။

(ဂ) မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်း။

(ဃ) မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်တို့၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။

(င) မီးသတ်တပ်ဖွဲ့လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။

(စ) ပြည်တွင်း၊ ပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူခြင်း၊ ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တားဆီးရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း။

## အခန်း(၅)
## မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းခြင်း

၆။ ဗဟိုအဖွဲ့သည် မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်ကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ မီးဘေးလုံခြုံရေးအဖွဲ့။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးဘေးလုံခြုံရေးအဖွဲ့။

(ဂ) ခရိုင်မီးဘေးလုံခြုံရေးအဖွဲ့။

(ဃ) မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့။

(င) မြို့မီးဘေးလုံခြုံရေးအဖွဲ့။

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့။

၇။ ဗဟိုအဖွဲ့သည် ပုဒ်မ(၆)ပါ မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

## အခန်း(၆)
## အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း

၈။ မီးသတ်ဦးစီးဌာနသည် -

(က) မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေး၊ အခြားသဘာဝဘေးအန္တရာယ်နှင့် ရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်များအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေးလုံခြုံရေးအသိပညာရပ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် လှုံ့ဆော်ပညာပေးရာတွင် လည်းကောင်း မီးသတ်ဝန်ထမ်းများနှင့်အတူ စေတနာ့ဝန်ထမ်းပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။

(ခ) အရန်မီးသတ်တပ်ဖွဲ့များကို မီးသတ်ဝန်ထမ်းများက လေ့ကျင့်သင်ကြားထားသော စေတနာ့ဝန်ထမ်း မီးသတ်တပ် ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

၉။ မီးသတ်ဦးစီးဌာနသည်-

(က) အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲထားရှိရမည်။

(ခ) အရန်မီးသတ်တပ်ဖွဲ့ဝင် အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

(ဂ) အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားရေးနှင့် နည်းပညာများရရှိရေးတို့အတွက် ဆောင်ရွက်ရမည်။

(ဃ) အရန်မီးသတ်တပ်ဖွဲ့အဆင့်ဆင့်၏ငွေကြေးဆိုင်ရာ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနည်းလမ်းများကို သတ်မှတ်ရမည်။

၁၀။ အသက် ၁၈ နှစ် ပြည့်ပြီးသူ မည်သူမဆိုသတ်မှတ်ချက်များနှင့်အညီ အရန်မီးသတ်တပ်ဖွဲ့သို့ မိမိဆန္ဒအလျောက် ပါဝင်ခွင့်ရှိသည်။

၁၁။ မီးသတ်ဦးစီးဌာနသည် အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အစိုးရတို့သည် လိုအပ်ပါက အရန်မီးသတ်တပ်ဖွဲ့များ၏ အခြေခံလိုအပ်ချက်များနှင့် အုပ်ချုပ်မှုကိစ္စများအား ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

## အခန်း(၇)
## သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း

၁၃။ မီးသတ်ဦးစီးဌာနသည် -

(က) စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းနှင့်မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းများ၌ သီးသန့်မီးသတ်တပ်ဖွဲ့များကို ဖွဲ့စည်းထားရှိရန် သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူအား ညွှန်ကြားရမည်။

(ခ) စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင်သို့မဟုတ် စီမံခန့်ခွဲသူက သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခွင့်ပြု ရန် တင်ပြလာပါက သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၄။ သီးသန့်မီးသတ်တပ်ဖွဲ့သည်-

(က) သက်ဆိုင်ရာ မီးသတ်ဦးစီးမှူး၏ ကြီးကြပ်မှုနှင့်စစ်ဆေးမှုကို ခံယူရမည်။

(ခ) မီးဘေးလုံခြုံရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လည်းကောင်း၊ မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကျရောက်သည့် အခါတွင်လည်းကောင်း၊ သက်ဆိုင်ရာ မီးသတ်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) မီးဘေးလုံခြုံရေးဆိုင်ရာ ပညာရပ်များသင်ကြားလေ့ကျင့်ရေး၊ ကျွမ်းကျင်မှုရှိစေရေးနှင့် နည်းပညာများ ရရှိရေးအတွက် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားမှုကို ခံယူရမည်။

## အခန်း(၈)
## မီးဘေးလုံခြုံရေးလုပ်ငန်းများ

၁၅။ မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်သည်-

(က) ဗဟိုအဖွဲ့က ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မီးဘေးလုံခြုံရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန် ပညာပေးစည်းရုံးရမည်။

(ဂ) မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသောဘေးအန္တရာယ်ကျရောက်သည့်အခါ ဗဟိုအဖွဲ့ကချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ မီးသတ်တပ်ဖွဲ့ဝင်များအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲရမည်။

(ဃ) မီးဘေးလုံခြုံရေး ကြိုတင်သတိပေးအဖွဲ့များအား သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တာဝန်ချထားရမည်။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

၁၆။ မြို့နယ်မီးသတ်ဦးစီးမှူးသည်-

(က) မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာရမည့် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများ လိုက်နာခြင်းရှိ၊မရှိ လိုအပ်သလို စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်း ပြုရမည်။

၁၇။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် အောက်ပါကိစ္စရပ်များအတွက် ခွင့်ပြုမိန့် ထုတ်မပေးမီ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်ကို ရယူရမည်-

(က) သုံးထပ်နှင့်အထက်ရှိ အဆောက်အအုံများ၊ စုပေါင်းပိုင်အိမ်ရာများ၊ ဈေးများ၊ လူအများအပြား စုဝေးအသုံးပြုသည့် အဆောက်အအုံများ ဆောက်လုပ်ခြင်း။

(ခ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်ခြင်း။

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် သိုလှောင်ကန်များ ဆောက်လုပ်ခြင်း သို့မဟုတ် တည်ဆောက်ခြင်း။

(ဃ) မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့်ပစ္စည်း အသုံးပြု၍ လုပ်ငန်းလုပ်ကိုင်ခြင်း။

(င) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း။

(စ) မော်တော်ယာဉ်၊ မီးရထား၊ လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘော၊ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်တို့ကိုအသုံးပြု၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း။

၁၈။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် မြို့ပြ၊ ကျေးရွာတည်ဆောက်ရေးနှင့် မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊ စက်မှုဇုန်နှင့်စီးပွားရေးဇုန် စီမံကိန်းများရေးဆွဲရာတွင် မီးဘေးလုံခြုံရေး ကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ သဘောထားကို ရယူရမည်။

၁၉။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည် အများပြည်သူဆိုင်ရာ နေရာများတွင် ပြပွဲ၊ ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် ဘာသာရေးဆိုင်ရာပွဲများ ကျင်းပခြင်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရာ၌ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ သက်ဆိုင်ရာ မီးသတ်ဦးစီးမှူး၏ သဘောထားရယူရမည်။

**အခန်း(၉)**

**မီးလောင်မှုနှင့် စပ်လျဉ်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၀။ မီးလောင်မှုဖြစ်ပွားသည့်အခါ သက်ဆိုင်ရာ မီးသတ်တာဝန်ခံကဖြစ်စေ၊ သက်ဆိုင်ရာ မီးဘေးလုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသော မီးသတ်ဝန်ထမ်း သို့မဟုတ် အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ မီးငြိမ်းသတ်ရေးနှင့် သက်ဆိုင်သော အောက်ပါ လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခွင့်ရှိသည်-

(က) လျှပ်စစ်မီးဖြတ်တောက်ခြင်း။

(ခ) ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်းများ ပိတ်ဆို့ ဖြတ်တောက်ခြင်း။

(ဂ) မီးသတ်ယာဉ်များအလွယ်တကူဝင်ထွက်သွားလာနိုင်ရေးအတွက် လမ်းများရှင်းလင်းခြင်း။

(ဃ) ထိရောက်စွာမီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သည့် နေအိမ်၊ ဥပစာနှင့် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခြင်း။

(င) မီးကူးစက်ရန်အကြောင်းရှိသည့် နေအိမ်၊ ဥပစာနှင့် အဆောက်အအုံများကို လိုအပ်သည့် အတိုင်းအတာအထိ ဖြိုဖျက်ခြင်း။

(စ) ရေရရှိရေးအတွက် မည်သည့်နေရာ၊ ရေတွင်း၊ ရေကန်၌မဆို ရေရယူခြင်းနှင့် ရေပိုမိုရရှိစေရန် အခြားပိုက်လိုင်းများကို ပိတ်ဆို့ခြင်း။

(ဆ) မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် မည်သည့်ယာဉ်ကိုမဆို ရယူအသုံးပြုခြင်း။

၂၁။ မြို့နယ်မီးသတ်ဦးစီးမှူးသည် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်း၊ မီးလောင်ဆုံးရှုံးမှုခန့်မှန်းတန်ဖိုးနှင့် မီးလောင်မှုအတွက် တာဝန်ရှိသူတို့ကို အမြန်ဆုံးစုံစမ်းစစ်ဆေးရမည်။ ယင်းစုံစမ်းစစ်ဆေးတွေ့ရှိချက်များကို ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့်တင်ပြရမည်။

၂၂။ (က) ဝန်ကြီးသည် လိုအပ်ပါက မီးလောင်မှုကို စုံစမ်းစစ်ဆေး တင်ပြစေရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့်အခါ ပုဒ်မ ၂၁ အရ ပြုလုပ်သော စုံစမ်းစစ်ဆေးခြင်းကို ရပ်ဆိုင်း၍ စုံစမ်းစစ်ဆေးပြီးသမျှကို စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ လွှဲအပ်တင်ပြရမည်။

**အခန်း(၁၀)**

**ညွှန်ကြားရေးမှူးချုပ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၃။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြို့ပြ၊ ကျေးရွာတည်ဆောက်ရေးနှင့် မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန်စီမံကိန်းများတွင် မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်း။

(ခ) မီးသတ်ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း။

(ဂ) မီးသတ်တပ်ဖွဲ့များအား ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း။

(ဃ) မီးဘေးလုံခြုံရေးဆိုင်ရာသင်တန်းများနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း။

(င) မီးသတ်တပ်ဖွဲ့ဝင်များအား ပြည်တွင်း၊ ပြည်ပသင်တန်းများ တက်ရောက်စေရန် စီစဉ်ဆောင်ရွက်ခြင်း။

(စ) မီးငြိမ်းသတ်ရာတွင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်ကို တားဆီးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရာတွင်လည်းကောင်း စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် တာဝန်သိပြည်သူတို့အား ဆုချီးမြှင့်ခြင်း သို့မဟုတ် ဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ ထောက်ခံတင်ပြခြင်း။

(ဆ) မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးသည် မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန် ထမ်းဆောင်ရာတွင် သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိပါက သတ်မှတ်ချက်များနှင့်အညီ လျော်ကြေး သို့မဟုတ် ကရုဏာကြေး ရရှိစေရန် ဆောင်ရွက်ခြင်း။

(ဇ) မီးဘေးအန္တရာယ်နှင့်အခြားသော သဘာဝဘေးအန္တရာယ်တို့ကို ပြည်သူများ နားလည်သဘောပေါက်စေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဈ) မီးဘေးလုံခြုံရေး၊ သဘာဝဘေးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ နှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း။

(ည) အရန်မီးသတ်တပ်ဖွဲ့ဝင်ဦးရေ တိုးတက်များပြားလာစေရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း။

(ဋ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာ မီးသတ်အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(ဌ) ဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့ကပေးအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

**အခန်း(၁၁)**

**တားမြစ်ချက်များ**

၂၄။ မည်သူမျှ သက်ဆိုင်ရာ မြို့နယ်မီးသတ်ဦးစီးမှူးက ပုဒ်မ ၁၆ အရ ထုတ်ပြန်သည့် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ။

၂၅။ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့ အစည်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်း ပိုင်ရှင်သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့် အညီ-

(က) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားရန် ပျက်ကွက်ခြင်း မရှိစေရ။

(ခ) မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများကိုထားရှိရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၆။ မည်သူမျှ မီးလောင်မှုဖြစ်ပွားခြင်းမရှိကြောင်းသိရှိလျက်နှင့် မီးလောင်မှုဖြစ်ပွားကြောင်း မီးသတ်တပ်ဖွဲ့သို့ လိမ်လည်၍ သတင်းပေးတိုင်ကြားခြင်း မပြုရ။

၂၇။ မည်သူမျှ မီးငြိမ်းသတ်ရန် ထွက်ခွာလာသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များအား တာဝန်ရှိသူမှအပ လမ်းပိတ်ဆို့ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ရန်ပြုခြင်း၊ မီးလောင်မှုနှင့် မသက်ဆိုင်သည့် နေရာသို့ တစ်နည်းနည်းဖြင့် လမ်းပြခေါ်ယူခြင်း မပြုရ။

၂၈။ မည်သူမျှ မီးလောင်မှုဖြစ်ပွားသည့်အခါ သက်ဆိုင်ရာမီးသတ်တာဝန်ခံကဖြစ်စေ၊ သက်ဆိုင်ရာ မီးဘေးလုံခြုံရေးအဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ ယင်းတို့က တာဝန်ပေးအပ်ခြင်းခံရသော မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ ပုဒ်မ ၂၀ ပါ လုပ်ပိုင်ခွင့်တစ်ရပ်ရပ် ဆောင်ရွက်ခြင်းကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

၂၉။ မည်သူမျှ မီးစတင်လောင်သောနေရာနှင့် မီးလောင်မှုအကြောင်းရင်းအား သက်ဆိုင်ရာမှ စုံစမ်းဖော်ထုတ် အတည်မပြုမီကာလအတွင်း မီးလောင်ပြင်နေရာရှိ သက်သေခံပစ္စည်းများကို ဖယ်ရှားခြင်း၊ ရှင်းလင်းခြင်း၊ ပြောင်းရွှေ့ခြင်း မပြုရ။

၃၀။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်းမပြုရ။

၃၁။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်အရ ဖွဲ့စည်းတည်ထောင်ထားသော အရန်မီးသတ်တပ်ဖွဲ့သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ကို ယင်း၏ သဘောတူညီချက် မရရှိဘဲ ဖျက်သိမ်းခြင်း မပြုရ။

၃၂။ မီးလောင်မှုဖြစ်ပွားရာတွင် တာဝန်ထမ်းဆောင်နေသော မည်သည့် မီးသတ်တပ်ဖွဲ့ဝင်မျှ ပိုင်ရှင်ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ပစ္စည်း၊ တံစိုးလက်ဆောင် သို့မဟုတ် ငွေကြေးတစ်စုံတစ်ရာကို အဂတိလိုက်စားသောနည်းဖြင့်သော်လည်းကောင်း၊ မသမာသောနည်းဖြင့်သော်လည်းကောင်း ရယူခြင်း မပြုရ။

**အခန်း(၁၂)**

**ပြစ်ဒဏ်များ**

၃၃။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၂၇ သို့မဟုတ် ၂၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို ပုဒ်မ ၂၉ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၀ သို့မဟုတ် ၃၁ ပါ တားမြစ်ချက်များကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ မီးသတ်တပ်ဖွဲ့ဝင် မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အခန်း(၁၃)**

**အထွေထွေ**

၄၀။ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ လိုအပ်သည့် စစ်ဆေးဆောင်ရွက်ချက်များအတွက် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဝန်ဆောင်ခကို မီးသတ်ဦးစီးဌာနသို့ ပေးဆောင်ရမည်။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ဆောင်ခကို သတ်မှတ်ရမည်။

၄၁။ မီးလောင်မှုဖြစ်ပွားရာတွင် သဘောရိုးဖြင့် မီးငြိမ်းသတ်ခြင်းကြောင့် ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း၊ မီးငြိမ်းသတ်ရန် မီးသတ်ယာဉ်များကို မောင်းနှင်ထွက်ခွာရာတွင် နည်းလမ်းတကျ မောင်းနှင်ပါလျက် မတော်တဆဖြစ်ပွားမှုအတွက်လည်းကောင်း၊ မည်သူကိုမျှ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့်မရှိစေရ။

၄၂။ ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သော အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၄၃။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ရမည်။

၄၄။ ၁၉၆၃ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့သည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့များဖြစ်သည်ဟု မှတ်ယူရမည်။

၄၅။ ၁၉၆၃ ခုနှစ် မီးသတ်တပ်ဖွဲ့ ဥပဒေနှင့် ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည်လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်။

(ခ) ဝန်ကြီးဌာန၊ ဗဟိုအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်။

၄၇။ ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်သူအများ သိရှိလေ့လာအကျိုးပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

# ကျွန်းလှမြို့နယ်၌ ကြက်မွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်



**ကျွန်းလှ၊ အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်နေ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး အနံ့အသက်ဆိုးများ ကင်းဝေးစေရန်နှင့် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါများကို ကာကွယ်နိုင်ရေး၊ ကြက်ကြောင့်ဖြစ်ပွားသော ရောဂါများကို တစ်နေရာတည်းတွင် ထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ ကြက်မွေးမြူရေးဇုန်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကြက်မွေးမြူရေး ဇုန်သည် ၁၂ ဧက ကျယ်ဝန်းပြီး ကြက်မွေးမြူသူလုပ်ငန်းရှင် ၂၄ဦးတို့က မြေဝယ်ယူ၍ အကောင်အထည်ဖော်ခြင်းဖြစ်သည်။

အဆိုပါမွေးမြူရေးဇုန်တွင်ကြက်အကောင် နှစ်သောင်းကျော်မွေးမြူသွားရန်နှင့် နောင်တွင်တိုးချဲ့မွေးမြူသွားရန် ရည်ရွယ်ထားကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာညွန့်သောင်းက ပြောကြားခဲ့သည်။

အဆိုပါ ကြက်မွေးမြူရေးဇုန်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ လမ်းညွှန်မှု၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ကသာမြို့နယ်အ.ထ.ကတွင် အခြေခံကင်းထောက်သင်တန်းဆင်းပွဲကျင်းပ

**ကသာ၊ အောက်တိုဘာ ၄**

ကသာခရိုင်၊ ကသာမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက အခြေခံကင်းထောက် သင်တန်းဆင်းပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်ကြည်က အခြေခံကင်းထောက် သင်တန်းဆိုင်ရာများနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဆု ရရှိသော သင်တန်းသားဆုများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဦးတင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ ခရိုင်ပညာရေးမှူးရုံး ဦးစီးအရာရှိ ဦးတင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းတို့က ဆုများကို ချီးမြှင့်ခဲ့ကြသည်။

အခြေခံ ကင်းထောက်သင်တန်းဆရာ ရွှေဘိုမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)မှ ဆရာဦးရဲတင့်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ ကျောင်းသားများကိုယ်စား မောင်ကောင်းမြတ်ဝေနှင့် ကျောင်းသူများကိုယ်စား မဖြူစင်ချမ်းမြေ့တို့က လက်ခံရယူသည်။ ဆက်လက်၍ ကျောင်းသား ၁၂ ဦးတို့က 'အဆင်သင့်'သီချင်းကို သီဆို၍ သင်တန်းဆင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၁၀၀ နှင့် လေ့လာသူ၄ါးဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြိုင်မြို့ရေပန့်စက်ရုံများ ကြည့်ရှုစစ်ဆေး

**မြိုင်၊ အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ရေပန့်စက်ရုံနှင့် စက်ရေတွင်းခြောက်တွင်းတို့မှ ရေမှုတ်ထုတ်မှုကို မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးက အောက်တိုဘာ ၂ ရက် နံနက် ၁၁နာရီတွင် လျှပ်စစ်ဓာတ်အားပေးပို့ချိန်နှင့် ချိန်ကိုက် စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးမှုတွင် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့်ပူးပေါင်းအဖွဲ့တို့က မြို့ပေါ်ရှိ ရေသွယ်တိုင် ၁၅၀၆တိုင်အား ရေပို့လွှတ်နိုင်မှုနှင့် စက်ရေတွင်းစက်ရုံများမှ ရေထွက်ရှိမှုတို့ကို စစ်ဆေးခဲ့သည်။ **စိန်မြိုင်(မြိုင်)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဆင်း

**ကျိုက်ထို၊ အောက်တိုဘာ ၅**

ကျိုက်ထိုမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၈ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် ကော်မတီ ၃ ရပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အထောက်အကူပြု ကော်မတီဥက္ကဋ္ဌတို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ကျင့်ဝတ်နှင့်အညီ စောင့်ထိန်းရေး၊ ပြည်သူက အားကိုးရသည့် တပ်ဖွဲ့ဝင်များဖြစ်အောင် စည်းလုံးညီညွတ်သော စွမ်းအားများဖြင့်ဝိုင်းဝန်းကြိုးပမ်းကြရန်မှာကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထူးချွန်ဆုများပေးအပ်ခဲ့သည်။

ယင်းနောက် သင်တန်းဆင်း အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရှေးဦးမီးသတ်ပစ္စည်းကိရိယာများကို အသုံးပြု၍ ရှေးဦးမီးငြိမ်းသတ်နည်း၊ မီးသတ်ယာဉ်စက်များဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခဲ့ကြကြောင်းသိရသည်။

**သန်းသန်းမော်(ကျိုက်ထို ပြန်/ဆက်)**

# ဖျာပုံခရိုင် တိုင်းရင်းဆေးဆရာများ လမုဝရွာတွင် ဆေးဝါးအခမဲ့ကုသ

**ဒေးဒရဲ၊ အောက်တိုဘာ ၅**

ဖျာပုံခရိုင် တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ အသင်းခွဲ (ဖျာပုံ)တို့ ပူးပေါင်း၍ အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ လမုဝကျေးရွာသို့ ကွင်းဆင်းကာ လူနာများအား အခမဲ့ ဆေးဝါးကုသခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

